# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 24 November 2022 ၁၀၉၂၉


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား ကျင်းပ

# ပြည်သူများ အသိပညာဗဟုသုတနှင့် စိတ်ဓာတ်မြင့်မားရေးကို စာပေအနုပညာရှင်ကြီးများအားဖြင့် ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့နိုင်ငံကြီးသည် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ စာပေဆုများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ပေးအပ်ချီးမြှင့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာပေတစ်သက်တာဆု ရရှိသည့် ဦးကျော်ဇင်ညွှန့်(တက္ကသိုလ်မြတ်သူ)အား ဆုပေးအပ်ချီးမြှင့်စဉ်။






# ကြေးမုံ

## စိန်ခေါ်မှုကိုဖြတ်သန်း ရှေ့သို့တက်လှမ်း

“ကျွန်တော်တို့ အစိုးရအနေနဲ့ “ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal) ဆိုတဲ့အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူလူထုကို အသိပေးပြောကြားလိုပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာရှိတယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံး အတူတကွပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်”

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈)လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားခဲ့သည့် အထက်ပါမိန့်ခွန်းကောက်နုတ်ချက်တစ်ခုကို ပြန်လည်ဆင်ခြင်သုံးသပ်ကြည့်လျှင် နိုင်ငံတော်၏ရည်မှန်းချက်၊ ပကတိဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် ရှေ့သို့ဆက်လက်တက်လှမ်း ကြိုးပမ်းစွမ်းဆောင်ရမည်တို့ကို ပေါ်လွင်ထင်ရှားစွာမြင်တွေ့သိရှိလာမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို စတင်တာဝန်ယူဆောင်ရွက်သည့်အချိန်မှစ၍ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအကျိုးကို ရှေးရှုပြီး နိုင်ငံတော်ကို ပိုမိုကောင်းမွန်လာစေရန်အတွက် ပြည်သူလူထု၏ဆန္ဒနှင့် မျှော်လင့်ချက်ဖြစ်သည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်လာအောင် ပြန်လည်တည်ဆောက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ၂၀၁၀ ပြည့်နှစ်မှစတင်၍ ဒီမိုကရေစီအစိုးရနှစ်ဆက်က တာဝန်ယူဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီတတိယသက်တမ်းသို့ ကူးပြောင်းသောအခါ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီစံနှုန်းများနှင့်ဆန့်ကျင်သည့် မရိုးမသားလုပ်ဆောင်မှုများရှိခဲ့သောကြောင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ပြန်လည်တည့်မတ်ဆောင်ရွက်ပေးနေသည်။

တစ်ချိန်တည်းတွင် တိုင်းရင်းသားပြည်သူလူထုအကျိုးကိုရှေးရှု၍ ပိုမိုကောင်းမွန်သည့် လူမှုစီးပွားဘဝများကို တည်ဆောက်ပေးလျက်ရှိသည်။ နိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးကို သယ်ပိုးထမ်းရွက်ရာ၌ အဖျက်အမှောင့်အန္တရာယ်မျိုးစုံနှင့် စိန်ခေါ်မှုများစွာတို့ကို ကျော်ဖြတ်ခဲ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိန်ခေါ်မှုများကို ကြီးကြီးမားမားရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည်။ တစ်ကမ္ဘာလုံးရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါဘေး မြန်မာနိုင်ငံအပါအဝင် ကျရောက်နေသောအချိန်ကာလနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ပြန်လည်တည့်မတ်ပေးနေသောအချိန်ကာလများ၌ စိန်ခေါ်မှုများကို တစ်ပြိုင်တည်းကျော်ဖြတ်နိုင်ခဲ့သည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မဆုတ်မနစ်သော စွမ်းပကားများနှင့် ပြည်သူလူထု၏ အသိတရားဖြင့် ပူးပေါင်းလက်တွဲပါဝင်ဆောင်ရွက်မှုများကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါအန္တရာယ်ကို ကျော်ဖြတ်နိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ရောဂါ၏ နောက်ဆက်တွဲထိခိုက်မှုများကြောင့် ပြည်သူလူထု၏ လူမှုစီးပွားအခြေအနေများ ပုံမှန်ပြန်လည်တည့်မတ်လာအောင် ပြတ်သားသောဆုံးဖြတ်ချက်နှင့် ထိရောက်သောကူညီဆောင်ရွက်မှုများပေးခဲ့သဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပုံမှန်ပြန်လည်လည်ပတ်လာပြီဖြစ်သည်။ မျက်မှောက်ကာလသည် စိန်ရတုပြည်ထောင်စုနေ့နှင့် စိန်ရတုလွတ်လပ်ရေးနေ့ကာလဖြစ်သဖြင့် ထူးခြားသည့်ထိုကာလ၌ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်အောင် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကို မမိုတ်မသုန်ဆောင်ရွက်ပေးနေချိန်၊ စည်းကမ်းပြည့်ဝပြီး လွတ်လပ်၍ တရားမျှတမှုရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်လည်ဖော်ဆောင်ဖန်တီးပေးနေချိန်တွင် ပြည်တွင်း/ပြည်ပ အဖျက်အမှောင့်များ၏ နှောင့်ယှက်တိုက်ခိုက်မှုများကိုလည်း ဖယ်ရှားရှင်းလင်းနေရသည်။ နိုင်ငံတော်အစိုးရက နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအကျိုးကို စွမ်းအားပြည့် သယ်ပိုးထမ်းဆောင်မှုများသည် နှစ်နှစ်တာကာလ အချိန်တိုအတွင်း သိသာထင်ရှားသော အောင်မြင်တိုးတက်မှုများရရှိလာခဲ့ပေသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာဝပြောရေးကို ကြိုးပမ်းဆောင်ရွက်ရာ၌ ပြည်တွင်း/ ပြည်ပအဖျက်အမှောင့်အနှောင့်အယှက်များကို ရှင်းလင်းဖယ်ရှားနိုင်စွမ်းရှိသရွေ့ အောင်မြင်မှုများလည်း အလျင်အမြန်တိုးတက်ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့် လူမှုစီးပွားဘဝများကို ပိုမိုတည်ဆောက်ပေးနိုင်ရန်အတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူအားလုံး အတူတကွလက်တွဲပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၃

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်နေ့မှစပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှစပြီး အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ‘ဝ’၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင် ဘာသာအစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့မှစပြီး ၂၀၂၃ ခုနှစ် မတ် ၃၀ ရက်နေ့အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှ ၇:၀၀ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ နံနက် ၇:၀၀ နာရီမှ ၈:၀၀ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ နံနက် ၁၀:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၁၀:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၄:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ ‘ဝ’ ဘာသာအစီအစဉ်၊ ညနေ ၁၆:၀၀ နာရီမှ ၁၈:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ညနေ ၁၈:၀၀ နာရီမှ ည ၂၀:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၂၀:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၂:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ည ၂၂:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၁,၀၄၄ | ၉,၅၀၁,၄၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၈၅၀ | ၂,၈၃၂,၃၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၁၆ | ၁၂၃,၂၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၅၀၀ | ၂၁၀ | ၄,၀၇၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁ | ၂,၇၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၅၃၈ | ၁,၄၅၂,၆၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၃၀ | ၁၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၂၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၁၆၆.၆ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၃.၄၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၇.၉၄၇ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၉.၀၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၇၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၉၆.၄ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၁၈.၉ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၈၅.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၅.၂၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနား မစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ဆုနှင်းသဘင် အထိမ်းအမှတ်ပြခန်းရှိ ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များနှင့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် "စာပေစွမ်းအား ကလောင်အားဖြင့် ရှေ့သို့ချီမည် ပန်းတိုင်ဆီ" Video Clip ကို ကြည့်ရှုကြသည်။

**နှစ်ပေါင်း ၇၀ ကျော်ရှိခဲ့ပြီ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာအရ နှစ်စဉ် နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်၌ မိမိနိုင်ငံနှင့် အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာအတွက် ကလောင်အစွမ်းဖြင့် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို အလေးအမြတ်ဂုဏ်ပြုပြီး စာဆိုတော်နေ့ အခမ်းအနားကို ၁၉၄၄ ခုနှစ်က စတင်ကျင်းပလာခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း ၇၀ ကျော်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အစဉ်အလာကြီးမားပြီး ထူးမြတ်သည့် ယနေ့ စာပေဆုနှင်းသဘင်အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားခွင့်ရသည့် အတွက် ကြည်နူးဝမ်းမြောက်မိပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာပေတစ်သက်တာဆု ရရှိသည့် ဒေါက်တာဒေါ်တင်ဝင်း(ဒေါက်တာမတင်ဝင်း-ပညာရေးတက္ကသိုလ်)ကိုယ်စား သမီးဖြစ်သူအား ဆုပေးအပ်ချီးမြှင့်စဉ်။

မိမိတို့ မြန်မာစာပေသည် ပုဂံခေတ် ၁၂ ရာစုအစတွင် စတင်ပေါ်ပေါက်ခဲ့ပြီး ယခုမျက်မှောက်ခေတ်အထိဆိုပါက နှစ်ပေါင်း ၁၀၀၀ နီးပါး သက်တမ်းရှိပြီဖြစ်ပါကြောင်း၊ မြန်မာစာပေ၌ အစောဆုံး စာပေ အရေးအသားအဖြစ် သက္ကရာဇ် အခိုင်အမာပါရှိသည့် ရာဇကုမာရ် ကျောက်စာကို ရည်ညွှန်းကြပါကြောင်း၊ မိမိတို့ မြန်မာစာပေလောကကြီး နှစ်ပေါင်း ကြာရှည် ရပ်တည်နိုင်ခြင်းသည် ခေတ်အဆက်ဆက်က နိုင်ငံ့ခေါင်းဆောင်များ၊ ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုကြီးများ၏ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးမှု၊ ကြိုးပမ်းအားထုတ်မှုများ၏ အသီးအပွင့်ပင် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးကို ချီးကျူးဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံတစ်ဝန်း နှစ်စဉ် နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့တွင် **"စာဆိုတော်နေ့"** အခမ်းအနားကို ကျင်းပခဲ့ကြခြင်း ဖြစ်ပါကြောင်း။

စာဆိုတော်နေ့ဖြစ်ပေါ်လာပုံကို လေ့လာကြည့်သည့်အခါ ဂျပန်ခေတ်တွင် ပညာတံခွန်အသင်းက ကွမ်းခြံကုန်းမြို့၌ အဘိဓာန်နှင့် ပညာစွယ်စုံကျမ်းများ ပြုစုရေး လုပ်ငန်းများကို ဆောင်ရွက်နေစဉ် **"စာဆိုတော်ကြီး ဦးပုညနေ့"** ကျင်းပရန် စီစဉ်ခဲ့ကြပါကြောင်း၊ ရန်ကုန်မြို့တွင်ရှိသည့် ပညာတံခွန်အသင်းကြီးက စာဆိုတော်တစ်ဦးအတွက် နေ့တစ်နေ့ သတ်မှတ်ကျင်းပခြင်းထက် စာဆိုတော်အများနှင့် သက်ဆိုင်သည့် နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ် ကျင်းပသင့်သည်ဟု အကြံပြုခြင်းကြောင့် ပညာတံခွန်အသင်းက ပုဂ္ဂိုလ်ကြီးများ၊ စာပေပညာရှင်ကြီးများနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းက ပုဂ္ဂိုလ်များသည် ၁၉၄၄ ခုနှစ် မေ ၈ ရက်တွင် အစည်းအဝေးကျင်းပပြီး နှစ်စဉ် နတ်တော်လဆန်း ၁ ရက်၌ **"မြန်မာစာဆိုတော်နေ့"** ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်ဟု သိရပါကြောင်း၊ ပထမအကြိမ် စာဆိုတော်နေ့ အခမ်းအနားကို ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက် (၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်)တွင် စတင်ကျင်းပခဲ့သည်မှာ ယနေ့ထက်တိုင် အဆိုပါ အစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ ၇၈ နှစ် ကြာခဲ့ပြီဖြစ်ပါကြောင်း။

**အထင်အရှား ကျန်ရစ်ခဲ့**

စာပေသည် **"ခေတ်ရဲ့ကြေးမုံ"** ဟု ပညာရှိများက ကမ္ဘည်းတပ်ကြပါကြောင်း၊ မြန်မာစာပေသမိုင်းတွင် နန်းသုံးတော်ဝင်စာပေများအပြင် ကျေးလက်ပြည်သူအလွှာစုံအထိ ပြည်သူ့အကျိုးပြုစာပေများသည် ခေတ်အဆက်ဆက်၏ ကြေးမုံပြင်တွင် အထင်အရှား ကျန်ရစ်ခဲ့ပါကြောင်း၊ မြန်မာစာပေလောက ရှင်သန်ဖွံ့ဖြိုးရန်အတွက် ကြိုးပမ်းကြရာတွင် စာပေကိုပြုစုရေးသားကြသည့် စာဆိုတော်ကြီးများ၏ အခန်းကဏ္ဍသည် အရေးပါသကဲ့သို့ စာပေပညာရှင်ကြီးများကို အားပေးချီးမြှောက်ပေးသည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ၊ စေတနာရှင် လူပုဂ္ဂိုလ်များ၏ စေတနာသည်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိပါကြောင်း၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပုဂ္ဂလိကစာပေဆု စသဖြင့် စာဆိုတော်ကြီးများကို ဆုများပေးအပ်၍ ချီးကျူးဂုဏ်ပြုခြင်း၊ စာရေးဆရာ အသင်းအဖွဲ့များ ဖွဲ့စည်းပြီး စာပေလှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ စာတမ်းဖတ်ပွဲ၊ စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့သည်လည်း မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းများ ဖြစ်ကြပါကြောင်း။

စာမျက်နှာ ၄ သို့ ☆

❖ **စာပေသည် "ခေတ်ရဲ့ကြေးမုံ"ဟု ပညာရှိများက ကမ္ဘည်းတပ်ကြပါကြောင်း၊ မြန်မာစာပေသမိုင်းတွင် နန်းသုံးတော်ဝင်စာပေများအပြင် ကျေးလက်ပြည်သူအလွှာစုံအထိ ပြည်သူ့အကျိုးပြုစာပေများသည် ခေတ်အဆက်ဆက်၏ ကြေးမုံပြင်တွင် အထင်အရှား ကျန်ရစ်ခဲ့ပါကြောင်း၊ မြန်မာစာပေလောကရှင်သန်ဖွံ့ဖြိုးရန်အတွက် ကြိုးပမ်းကြရာတွင် စာပေကိုပြုစုရေးသားကြသည့် စာဆိုတော်ကြီးများ၏ အခန်းကဏ္ဍသည် အရေးပါသကဲ့သို့ စာပေပညာရှင်ကြီးများကို အားပေးချီးမြှောက်ပေးသည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ၊ စေတနာရှင်လူပုဂ္ဂိုလ်များ၏ စေတနာသည်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားစာပေဆု ဝတ္ထုတိုဆုရှင် မင်းခိုက်စိုးစန်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားစာပေဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရှင် ရွှေကူနန်းနွဲ့နွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး အမျိုးသားစာပေဆု သုတပဒေသာ (အသုံးချသိပ္ပံ) ဆုရရှိသည့် ဒေါက်တာသန်းထိုက်အား ဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ပထမဆုရရှိသူ ကိုထွန်း (ကျယ်ဂေါ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။



☆ စာမျက်နှာ ၃ မှ

ထို့ကြောင့် နိုင်ငံတော်အစိုးရကလည်း မြန်မာ့ယဉ်ကျေးမှု အနုပညာအသီးသီး ဖြာထွက်ရာ ပင်မမဏ္ဍိုင်ဖြစ်သည့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်မြော်ကိုးပြီး စာဆိုတော်ကြီးများ၏ စာပေလက်ရာမွန်များကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု အဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုပေးလျက်ရှိသည်မှာ ယခုအခါ နှစ်ပေါင်း ၇၀ ကျော်ပြီဖြစ်ပါကြောင်း။

### ပြောင်းလဲချီးမြှင့်ခဲ့

စာပေဆုများတွင် နိုင်ငံတော်အဆင့် အမြင့်ဆုံးစာပေဆုဖြစ်သည့် အမျိုးသားစာပေဆုကို ၁၉၄၈ ခုနှစ်က စတင်ပြီး အသွင်အမျိုးမျိုးဖြင့် ချီးမြှင့်ခဲ့ခြင်းဖြစ်ပါကြောင်း၊ **“စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု”** မှ **“စာပေဗိမာန်ဆု”**၊ **“အနုပညာ စာပေဆိုင်ရာဆု”**၊ **“အမျိုးသားစာပေဆု”** စသည်ဖြင့် ဆုအမည်ကို ပုံသဏ္ဍာန်အမျိုးမျိုး ပြောင်းလဲ ချီးမြှင့်ခဲ့ပါကြောင်း၊ ဆုချီးမြှင့်မည့် ဘာသာရပ်များကိုလည်း တိုးတက်ချီးမြှင့်ခဲ့သည်မှာ ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ် ၁၉ မျိုး ရှိလာခဲ့ပြီဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာစာပေအကျိုးကို တစ်သက်တာလုံး အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစိုက်မတ်မတ် စာပေရေးသားပြုစုခဲ့သည့် စာပေပညာရှင်ကြီးများကို အသိအမှတ်ပြု ချီးမြှောက်သည့်အနေဖြင့် **“အမျိုးသားစာပေတစ်သက်တာဆု”**ကို ၂၀၁၁ ခုနှစ်တွင် စတင်၍ ချီးမြှင့်ခဲ့ပါကြောင်း၊ ၎င်းအပြင် အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေရန် အခက်အခဲရှိသည့် ကလောင်ရှင်များ၏ စာမူကောင်းများကို စာအုပ်အဖြစ် ထုတ်ဝေပေးရန်နှင့် ဆုချီးမြှင့်နိုင်ရေးရည်ရွယ်ပြီး ပြိုင်ပွဲဝင်စနစ်ဖြင့် **“စာပေဗိမာန်စာမူဆု”** အဖြစ် ရွေးချယ်ပြီး ဘာသာရပ် ၁၄ မျိုးအထိ ဆုချီးမြှင့်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် အမျိုးသားစာပေဆုအတွက် ၂၀၂၁ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၄၆၆ အုပ်ထဲမှ ဘာသာရပ် ၁၉ ခုအနက် ဘာသာရပ်ကိုးခု၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၆၂ စောင်အနက် ဘာသာရပ် ၁၄ ခုထဲမှ ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၂၈ ခုကို ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း။

ယခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆု ရရှိကြသည့် စာပေပညာရှင်ကြီး လေးဦးသည်လည်း မိမိတို့ဘဝတစ်လျှောက်လုံး စာပေလောကထဲတွင် နှစ်မြှုပ်ပြီး နိုင်ငံအတွက်၊ အများပြည်သူအတွက် ကောင်းကျိုးဖြစ်ထွန်းစေမည့် သုတ၊ ရသစာပေများကို တစိုက်မတ်မတ် ရေးဖွဲ့ခဲ့ကြသူများဖြစ်ပါကြောင်း၊ ယခုစာပေပညာရှင်ကြီးများ၏ စာပေလက်ရာများသည် မြန်မာစာပေလောက ဖွံ့ဖြိုးရေးတွင် အထောက်အကူဖြစ်စေရုံသာမက **“စာပေမြင့်မှ လူမျိုးတင့်မည်”** ဆိုသည့် ဆောင်ပုဒ်အတိုင်း၊ နိုင်ငံနှင့် လူမျိုးအကျိုး မြှင့်တင်ပေးနေသည့်အတွက် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကို ဂုဏ်ပြုချီးမြှောက်ခွင့်ရသဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

### စာပေအဆင့်အတန်းမီ

၂၀၂၁ ခုနှစ်အတွက် စာပေဆုရရှိခဲ့ကြသည့် စာရေးသူများနှင့် စာအုပ်များကို ကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်တို့ ပါဝင်ကြပြီး အတွေးစုံ၊ အမြင်စုံ၊ ရသစုံစွာ စာပေ အဆင့်အတန်းမီအောင် ရေးဖွဲ့ထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားပါကြောင်း၊ ဆုရရှိကြသူများထဲတွင် နိုင်ငံသိ စာရေးဆရာကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာဝန်များ၊ တပ်မတော်အရာရှိများ၊ အငြိမ်းစားဝန်ထမ်းများ ပါဝင်ကြသကဲ့သို့ ဝါသနာကို အရင်းတည်ပြီး မွေ့လျော်ရာ စာပေနယ်ကိုတိုးဝင်ရန် ကြိုးပမ်းလာကြသည့် စာပေဝါသနာရှင်များ ဆုဆွတ်ခူးရရှိခဲ့ကြသည်ကို တွေ့ရသဖြင့် ကျေနပ်အားရဖြစ်မိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများသည် အရေးပါသကဲ့သို့ ဉာဏပစ္စည်းဆိုင်ရာများကလည်း ထပ်တူအရေးကြီးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စာပေနှင့်အနုသုခုမ ပညာရပ်များသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု အဆင့်အတန်းကို အကဲဖြတ်ရာတွင် အဓိကအခြေခံထားကြပါကြောင်း၊ နိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်ခဲ့ကြသည့် မြန်မာမင်းများလက်ထက်မှစပြီး နိုင်ငံတော်အစိုးရ အဆက်ဆက်တို့သည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် စာပေအနုပညာယဉ်ကျေးမှုနယ်ပယ်မှ စာပေနှင့် အနုပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှောက်ခဲ့ကြပါကြောင်း။

### စဉ်ဆက်မပြတ် ချီးမြှင့်သွားမည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့်လည်း ၂၀၂၂ ခုနှစ် မတ်လတွင် စာပေနှင့် အနုပညာနယ်ပယ်က ထူးချွန်သူ ၂၅ ဦး၊ ၂၀၂၂ ခုနှစ် ဧပြီလတွင် ရှစ်ဦးနှင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွေ ကျရောက်ခဲ့သည့် အမျိုးသားအောင်ပွဲနေ့တွင် ခုနစ်ဦးတို့ကို အလင်္ကာကျော်စွာဘွဲ့များ ချီးမြှင့်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အလင်္ကာကျော်စွာဘွဲ့ကို စာပေနှင့်အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူများကို ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရအပြီး ပါလီမန်ခေတ်ကစ၍ ယနေ့မျက်မှောက်ခေတ်ကာလ အထိ အလင်္ကာကျော်စွာဘွဲ့ ရရှိသူပေါင်း ၆၄ ဦးရှိပြီ ဖြစ်ပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်များထဲတွင် စာပေပညာရှင်များအဖြစ် တစ်သက်တာစာပေဆုရ ဆရာကြီး ဆရာမကြီး ၁၉ ဦးလည်း အပါအဝင်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ချီးမြှင့်သင့်ချီးမြှင့်ထိုက်သူများကို စဉ်ဆက်မပြတ် ချီးမြှင့်သွားမည်လည်း ဖြစ်ပါကြောင်း။

ထို့ပြင် စာပေအနုပညာနယ်ပယ်၌ ခေတ်အဆက်ဆက်က မြန်မာစာပေဖွံ့ဖြိုးရေးနှင့် စာပေအနုပညာရှင် စာရေးဆရာတို့၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ တတ်အားသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့ အစိုးရလက်ထက်တွင်လည်း အနုပညာနယ်ပယ်အသီးသီးရှိ အနုပညာဖန်တီးမှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် **“အနုပညာဗဟိုဌာန အဆောက်အအုံ (Art Centre)”** များနှင့် စာပေလောကသားများ စုစည်းဆောင်ရွက်စေရန်နှင့် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ထာဝရရှင်သန်စေရန်အတွက် **“စာဆိုဗိမာန်”**ကိုလည်း တည်ဆောက်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ယခုအခါ မိမိတို့နိုင်ငံတွင် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”**ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို အရှိန်အဟုန်ဖြင့် ချီတက်နေသည့်အချိန် ဖြစ်ပါကြောင်း၊ အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိနိုင်ရန်အတွက် မိမိတို့နိုင်ငံသားများ၏ အထူးသဖြင့် အနာဂတ်နိုင်ငံ့ခေါင်းဆောင်များ ဖြစ်ကြမည့် လူငယ်များ၏ အတွေးအခေါ်၊ အသိပညာတိုးတက်ဖွံ့ဖြိုးအောင် ဖြည့်ဆည်းပေးရန်နှင့် နိုင်ငံတကာအလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ရန် မီဒီယာများ ပေါင်းစည်းဆောင်ရွက်မှုကဏ္ဍ ဖွံ့ဖြိုးရန်လည်း လိုအပ်ပါကြောင်း။

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ပထမဆုရ ဆရာ စဆနိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း စာပေဗိမာန်စာမူဆု သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ)ပထမဆုရ ဆရာ ဇော်လွင်ဦး(ဟသ်ာတ)အား ဆုပေးအပ်ချီးမြှင့်စဉ်။



☆ စာမျက်နှာ ၄ မှ

လူမှုရေးဦးတည်ချက် သုံးရပ်ဖြစ်သည့် **"စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး" "တိုင်းရင်းသားလူမျိုး အပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** စသည့် ဦးတည်ချက် များကို အကောင်အထည်ဖော်နိုင်ရန်မှာ စာပေပညာရှင်ကြီးများ အပါအဝင် ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် အနုပညာရှင်အသီးသီး၏ စစ်မှန်ကောင်းမွန်သည့် စွမ်းဆောင်မှုများက များစွာထိရောက်အောင်မြင်စေမည် ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

**အဖိုးတန်ဆုံးသောအသိပညာ**

ယနေ့ကဲ့သို့ ပညာခေတ်တွင် ရုပ်ဝတ္ထုများ ဘက်ပေါင်းစုံက အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နေသည်နှင့်အညီ အဆိုပါ ရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးချနေသည့် မိမိတို့လူသားများ၏ အသိပညာမြင့်မားရေးနှင့် စိတ်ဓာတ် ကောင်းမွန်ရေးသည်လည်း အရေးပါလာသည်ကို တွေ့ရပါကြောင်း၊ လူများတွင် အဖိုးတန်ဆုံးသော အရာသည် အသိပညာပင် ဖြစ်ပါကြောင်း၊ အသိပညာကို အတွေ့အကြုံနှင့် စာပေက ရနိုင်သည့်အတွက် လူတိုင်း စာဖတ်သင့်ကြောင်း ရှေးအဆက်ဆက်ပညာရှိများက မှာကြားခဲ့သကဲ့သို့ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်အားလုံးတို့၏ တူညီသောမြွက်ဟမှုသည်လည်း **"စာဖတ်တယ်"** ဆိုသည့်စကားပင် ဖြစ်ပါကြောင်း၊ လူတိုင်းသည် ကိုယ်တွေ့ဖြင့်သာ မည်သည့်အလုပ်၊ မည်သည့် အကြောင်းအရာကိုမျှ ကုန်စင်အောင်မသိနိုင်ပါကြောင်း၊ နှစ်ပေါင်းများစွာ ကြုံတွေ့ရရှိခဲ့သည့် လူပေါင်းများစွာတို့၏ အသိများ၊ အတွေးများကို စုစည်းထားသည့် စာအုပ်စာပေများကို ဖတ်ကြမှသာ လုံလောက်သည့် အသိပညာ အလိမ္မာကို ရရှိစေမည်ဖြစ်ပါကြောင်း။

**တိုက်တွန်းမှာကြား**

တိုင်းပြည်၏ အင်အားသည် ပြည်တွင်းမှာသာ ရှိသည်ဆိုသည့် စကားအတိုင်း နိုင်ငံကောင်းရာ ကောင်းကျိုးအတွက် တိုင်းရင်းသားလုပ်သားပြည်သူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ အတွေးအခေါ်၊ အယူအဆစသည့် ပြည်သူများ၏ ရုပ်တည်လုပ်ဆောင်မှုကဏ္ဍသည် အရေးကြီးပါကြောင်း၊ ပြည်သူများကို အသိပညာဗဟုသုတနှင့် စိတ်ဓာတ်မြင့်မားရေးကို စာပေအနုပညာရှင်ကြီးများအားဖြင့် ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့နိုင်ငံကြီးသည် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်သည်ဟု တိုက်တွန်းမှာကြားလိုပါကြောင်း။



အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးကျော်ဇင်ညွှန့် (တက္ကသိုလ်မြတ်သူ)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

စာပေ ပညာရှင်ကြီးများ၊ သတင်းစာ ပညာရှင်ကြီးများ အနေဖြင့် မိမိတို့ တတ်ကျွမ်းသည့် စာပေရေးသားခြင်း လုပ်ငန်းများ၊ သတင်းစာပညာရပ်များနှင့် မီဒီယာလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် လူတစ်စုအတွက်၊ အဖွဲ့အစည်းတစ်ခု အတွက် မဖြစ်စေဘဲ တစ်မျိုးသားလုံးအကျိုး၊ နိုင်ငံတော်အကျိုးကို ဦးတည်ဆောင်ရွက်ပေးကြရန်လိုအပ်သည်ကို တိုက်တွန်းမှာကြားလိုပါကြောင်း။

ယနေ့အခမ်းအနားသည် မိမိတို့၏ ဝါသနာကိုအခြေခံပြီး စိတ်ကောင်းစေတနာ ထပ်ဆင့်လောင်းကာ နိုင်ငံအတွက် စာပေတာဝန်များကိုကျေပွန်စွာ ကြိုးစားထမ်းဆောင်မှုများကို အသိအမှတ်ပြုဂုဏ်ပြုသည့် အခမ်းအနားဖြစ်သဖြင့် မိမိတို့အားလုံးသည် ဆုချီးမြှင့်ခံကြရသည့် စာရေးဆရာကြီးများနည်းတူ ကြည်နူးဝမ်းသာဖြစ်ကြရပါကြောင်း၊ နိုင်ငံနှင့်ပြည်သူလူထု အကျိုးအတွက် ကလောင်စွမ်းနှင့် ဆတက်ထမ်းပိုးဆက်လက်သယ်ပိုးနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းအပ်ပါကြောင်း။

မြန်မာ့သမိုင်း တစ်လျှောက်တွင် ရဟန်းစာဆို၊ လူစာဆိုများအပါအဝင် မြန်မာစာဆိုတော်ကြီးများ၏ မြန်မာစာပေအားဖြင့် နိုင်ငံ့အကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့မှုများကို ချီးကျူးဂုဏ်ပြု ပူဇော်ခြင်းဖြစ်သည့် စာဆိုတော်နေ့ကျင်းပခြင်းနှင့် စာပေဆုများ ချီးမြှင့်ပေးသည့်ဓလေ့ကို ဝါရင့်စာပေပညာရှင်တို့က ဆက်လက်သယ်ဆောင် ထိန်းသိမ်းကြပြီး **"စာရေးဆရာနီတိ"**ကို စောင့်ထိန်းကြသည့်၊ ခေတ်ကိုထင်ဟပ်ဖွဲ့ဆိုကြသည့်၊ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်ကြသည့် မျိုးဆက်သစ် စာရေးဆရာများ၊ ကလောင်သစ်များ တိုးပွားလာစေရေး ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

**ပူးပေါင်းပါဝင်**

ယနေ့ အခမ်းအနားကို တက်ရောက် အားပေးကြသည့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ စာပေဆုရရှိသူများ၊ စာပေပညာရှင်ကြီးများ၊ အထူးသဖြင့်ယခုကဲ့သို့ စာပေဆုများ အောင်မြင်စွာချီးမြှင့်နိုင်စေရန် အချိန်ကုန်၊ လူအားစိုက်ထုတ်ပြီး စာပေစေတနာ အပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့ကြသည့် စာပေဆုရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စာပေပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားစာပေ တစ်သက်တာဆုရရှိကြသည့် ဦးကျော်ဇင်ညွှန့် (တက္ကသိုလ်မြတ်သူ)၊ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒေါက်တာ မျိုးသန့်တင်နှင့် ဒေါက်တာ ဒေါ်တင်ဝင်း(ဒေါက်တာမတင်ဝင်း-ပညာရေးတက္ကသိုလ်) ကိုယ်စားသမီးဖြစ်သူတို့အားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမျိုးသားစာပေဆုရရှိကြသည့် ဝတ္ထုတိုဆုရှင် မင်းခိုက်စိုးစန်၊ စာပဒေသာဆုရှင် စိုးတင့် (ရောဝတီ)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရှင် ရွှေကူနန်းနွဲ့နွဲ့၊ လူငယ်စာပေဆုရှင် အကြီးကိုကို(ကသာ)နှင့် ဘာသာပြန်(သုတ)ဆုရှင်သက်ဆွေတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က အမျိုးသားစာပေဆုရရှိသူများနှင့် စာပေဗိမာန်စာမူဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးကျော်ဇင်ညွှန့် (တက္ကသိုလ်မြတ်သူ)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စာပေဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့် အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားစာပေတစ်သက်တာ ဆုရရှိကြသည့် ဆရာကြီးနှင့် ဆရာမကြီး လေးဦးတို့အား အမှတ်တရ စုပေါင်းဓာတ်ပုံများကိုပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**☆ လူတိုင်းသည် ကိုယ်တွေ့ဖြင့်သာ မည်သည့်အလုပ်၊ မည်သည့် အကြောင်းအရာကိုမျှ ကုန်စင်အောင် မသိနိုင်ပါကြောင်း၊ နှစ်ပေါင်းများစွာ ကြုံတွေ့ရရှိခဲ့သည့် လူပေါင်းများစွာတို့၏ အသိများ၊ အတွေးများကို စုစည်းထားသည့် စာအုပ်စာပေများကို ဖတ်ကြမှသာ လုံလောက်သည့် အသိပညာ အလိမ္မာကို ရရှိစေမည်**

**☆ တိုင်းပြည်၏ အင်အားသည် ပြည်တွင်းမှာသာ ရှိသည်ဆိုသည့် စကားအတိုင်း နိုင်ငံကောင်းရာ ကောင်းကျိုးအတွက် တိုင်းရင်းသားလုပ်သားပြည်သူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ အတွေးအခေါ်၊ အယူအဆစသည့် ပြည်သူများ၏ ရုပ်တည်လုပ်ဆောင်မှုကဏ္ဍသည် အရေးကြီးပါကြောင်း၊ ပြည်သူများကို အသိပညာဗဟုသုတနှင့် စိတ်ဓာတ်မြင့်မားရေးကို စာပေအနုပညာရှင်ကြီးများအားဖြင့် ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့နိုင်ငံကြီးသည် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်**

# ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကျင်းပမှု ပုံရိပ်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ ဒုတိယဆုရ ဆရာ မင်းလွင်ဦး (အောင်ပန်း)အား ဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် စာပေဗိမာန်စာမူဆု လူငယ်စာပေ ပထမဆုရ ဆရာ နွေကံ့ကော် (မြို့လှ)အား ဆုပေးအပ်ချီးမြှင့်စဉ်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာပေဗိမာန်စာမူဆု ပြဇာတ်စာပေ ပထမဆုရရှိသူ ဆရာမောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)အား ဆုပေးအပ်ချီးမြှင့်စဉ်။

- ☆ စာဆိုတော်နေ့ဖြစ်ပေါ်လာပုံကို လေ့လာကြည့်သည့်အခါ ဂျပန်ခေတ်တွင် ပညာတံခွန်အသင်းက ကွမ်းခြံကုန်းမြို့၌ အဘိဓာန်နှင့် ပညာစွယ်စုံကျမ်းများ ပြုစုရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် “စာဆိုတော်ကြီး ဦးပုညနေ့” ကျင်းပရန် စီစဉ်ခဲ့ကြ
- ☆ ရန်ကုန်မြို့မှာရှိသည့် ပညာတံခွန်အသင်းကြီးက စာဆိုတော်တစ်ဦးအတွက် နေ့တစ်နေ့ သတ်မှတ်ကျင်းပခြင်းထက် စာဆိုတော်အများနှင့် သက်ဆိုင်သည့်နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ကျင်းပသင့်သည်ဟု အကြံပြုခြင်းကြောင့် ပညာတံခွန်အသင်းက ပုဂ္ဂိုလ်ကြီးများ၊ စာပေပညာရှင်ကြီးများနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းက ပုဂ္ဂိုလ်များသည် ၁၉၄၄ ခုနှစ် မေ ၈ ရက်တွင် အစည်းအဝေးကျင်းပပြီး နှစ်စဉ် နတ်တော်လဆန်း ၁ ရက်၌ “မြန်မာစာဆိုတော်နေ့” ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်ဟု သိရ
- ☆ ပထမအကြိမ် စာဆိုတော်နေ့အခမ်းအနားကို ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက် (၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်) တွင် စတင်ကျင်းပခဲ့သည်မှာ ယနေ့ထက်တိုင် အဆိုပါအစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး နှစ်စဉ် ကျင်းပလျက်ရှိပါကြောင်း၊ ၇၈ နှစ်ကြာခဲ့ပြီဖြစ်

# ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား ပုံရိပ်များ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆုနှင်းသဘင်အထိမ်းအမှတ်ပြခန်းရှိ စာအုပ်စာစောင်များကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် ဆရာဒေါက်တာမျိုးသန့်တင်အား အမှတ်တရစုပေါင်းဓာတ်ပုံ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆုနှင်းသဘင်အထိမ်းအမှတ်ပြခန်းရှိ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာပြခန်းအား ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆုနှင်းသဘင်အထိမ်းအမှတ်ပြခန်းရှိ စာအုပ်စာစောင်များကို ကြည့်ရှုစဉ်။

**“မြန်မာ့သမိုင်းတစ်လျှောက်တွင် ရဟန်းစာဆို၊ လူစာဆိုများအပါအဝင် မြန်မာစာဆိုတော်ကြီးများ၏ မြန်မာစာပေအားဖြင့် နိုင်ငံ့အကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့မှုများကို ချီးကျူးဂုဏ်ပြု ပူဇော်ခြင်းဖြစ်သည့် စာဆိုတော်နေ့ကျင်းပခြင်းနှင့် စာပေဆုများ ချီးမြှင့်ပေးသည့်ဓလေ့ကို ဝါရင့်စာပေပညာရှင်တို့က ဆက်လက်သယ်ဆောင်ထိန်းသိမ်းကြပြီး “စာရေးဆရာနီတိ”ကို စောင့်ထိန်းကြသည့်၊ ခေတ်ကို ထင်ဟပ်ဖွဲ့ဆိုကြသည့်၊ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်ကြသည့် မျိုးဆက်သစ် စာရေးဆရာများ၊ ကလောင်သစ်များ တိုးပွားလာစေရေး ပြုစုပျိုးထောင်ပေး”**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ယနေ့တွင် အသက် လေးလပြည့်မြောက်သည့် “ရဋ္ဌနန္ဒက” ရတနာဆင်ဖြူတော်လေး အပါအဝင် ဆင်ဖြူတော်များနှင့် အဖော်ဆင်များအား အစာအာဟာရများကျွေးမွေး

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် မင်္ဂလာအချိန်နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့သည့် **“ရဋ္ဌနန္ဒက”** ရတနာဆင်ဖြူတော်လေးသည် ယနေ့တွင် အသက် လေးလတင်းတင်း ပြည့်မြောက်သည်။

အဆိုပါ **“ရဋ္ဌနန္ဒက”** ရတနာဆင်ဖြူတော်လေး အပါအဝင် ဆင်ဖြူတော်များနှင့် အဖော်ဆင်များအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် အစာအာဟာရများ သွားရောက်ကျွေးမွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဇနီးနှင့် အဖွဲ့ဝင်များအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က **“ရဋ္ဌနန္ဒက” (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** ရတနာဆင်ဖြူတော်လေးနှင့် မိခင်ဆင်မကြီး ဇာနန်းလှ၊ ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ ရတနာဆင်ဖြူတော်များ ဖြစ်ကြသည့် “ဘဒ္ဒဝတီ”၊ “နန္ဒဝတီ”၊ “ငွေဆဒ္ဒန်”၊ “ဟေမဝတီ”၊ “ဇာတကလျာ”၊ “သီရိမာလာ” နှင့် အဖော်ဆင်များကို အစာအာဟာရများ ကျွေးမွေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ “ရဋ္ဌနန္ဒက” ရတနာဆင်ဖြူတော်လေးအား အစာအာဟာရများကျွေးမွေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် **“ရဋ္ဌနန္ဒက”** ဆင်ဖြူတော်လေး၏ ကျန်းမာရေး အခြေအနေများ၊ ကိုယ်ခန္ဓာ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို မေးမြန်းခဲ့ပြီး ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ ဆင်ဖြူတော်များနှင့် အဖော်ဆင်များအတွက် အစာအာဟာရ ကျွေးမွေးရန် ထောက်ပံ့ငွေများကို ပေးအပ်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရတနာဆင်ဖြူတော်များအား အစာအာဟာရများကျွေးမွေးစဉ်။

အဆိုပါ ရတနာဆင်ဖြူတော်လေး **“ရဋ္ဌနန္ဒက” (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)**မှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိကြောင်း၊ ရတနာဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီ ပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက် ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်ကြောင်း၊ အထက်ပါ ဆင်ဖြူတော်လေးမှာ ယခုအသက် လေးလပြည့် မြောက်သည့်အချိန်တွင် အရပ်အမြင့် ၂ ပေ ၁၁ လက်မ၊ ကိုယ်လုံး လုံးပတ် ၄ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၂၈၈ ပေါင်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် ကျန်းမာပျော်ရွှင်စွာဖြင့် နေထိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃နှစ်က ဆင်ဖြူတော် (အထီး)လေး တစ်စီးအား ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက” ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး ရဋ္ဌနန္ဒကမှာ ယခုအသက်လေးလသားတွင် အရပ်အမြင့် ၂ ပေ ၁၁ လက်မ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၂၈၈ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး ရဋ္ဌနန္ဒကမှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်း စနစ်ဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

☆ ကျောဖုံးမှ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တို့မှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ပိုမိုလျင်မြန်ထိရောက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းပြီး ကိုးလ ကျော်ကာလအတွင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့နှင့် OSS (One Stop Service) အဖွဲ့ဝင်ဌာနများသည် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ယခင်ကထက် ပိုမိုထိထိရောက်ရောက် အကောင်အထည်ဖော် လာနိုင်သည်ကိုတွေ့ရကြောင်း၊ ထိုသို့ အကောင် အထည်ဖော်နိုင်ရန် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်သည့် အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့် ပိုမိုလျင်မြန်ထိရောက်လာသည်ကို တွေ့ရကြောင်း။

အထူးအလေးထား မှာကြားလိုသည်မှာ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာဒေသအတွင်း ရှောင်ကွင်းလမ်းများ အပါအဝင် နည်းလမ်းစုံအသုံးပြု ရှောင်ကွင်းသွားသည့် တရားမဝင်ကုန်သွယ်မှုများကို လမ်းကြောင်း တစ်လျှောက် မိမိဒေသနှင့်ထိစပ်နေသည့် ဘေးနံ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ များထံ ချိတ်ဆက်သတင်းပေးပို့ တားဆီးစစ်ဆေး နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲတွင် ပြည်တွင်း ထုတ်ကုန်တိုးတက်ရေးအတွက် တရားမဝင် ကုန်စည်တင်သွင်းမှုများကို ထိရောက်စွာအရေးယူ ဆောင်ရွက်ရန် လိုအပ်သည်ကို လုပ်ငန်းရှင်များက တင်ပြခဲ့ကြကြောင်း၊ ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အနေဖြင့် ပြည်ပမှ အကောက်ခွန်မဲ့ ဝင်ရောက်လာ သည့် ကုန်စည်များကို ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်ခြင်း မရှိသည့်အတွက် ရေရှည်ရပ်တည်ရန် ခက်ခဲလာသည့် အခြေအနေကို တင်ပြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ ရှင်သန်ရပ်တည်မှုကို ဖျက်ဆီး နေသည့် တစ်နည်းအားဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် တရားမဝင်

> **အထူးအဖွဲ့များအနေဖြင့် တရားမဝင်တင်သွင်းလာသည့် အမိုနီယမ်နိုက်ထရိတ်များကို လုံခြုံရေးအသိဖြင့် ဖိဖိစီးစီးစစ်ဆေးရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း စိုက်ပျိုးသူ တောင်သူများလက်သို့ လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီတရားဝင် အတားအဆီးမရှိ ရောက်ရှိရေး အတားအဆီးမဖြစ်စေရန် စီမံဆောင်ရွက်ထားကြရမည် ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု တားဆီးရာတွင် တရားမဝင်ကုန်စည်များကိုသာမက မူးယစ်ဆေးဝါး၊ ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့် ဆက်စပ် ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ထို့ပြင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် ဌာနဆိုင်ရာများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို စစ်ဆေးရာတွင် တရားမဝင်လက်နက်ခဲယမ်းများနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ ခိုးဝှက်သယ်ဆောင်ခြင်းမရှိစေရေး အလေးထားစစ်ဆေးသွားကြရမည်**

ကုန်စည်တင်သွင်းမှုများကို ထိထိရောက်ရောက် တားဆီးစစ်ဆေးကာ ဟန့်တားတိုက်ဖျက်သွားရမည် ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကိုးလအတွင်း ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၃၀၉၅ မှု ခန့်မှန်းတန်ဖိုးကျပ် ၄၅ ဒသမ ၆ ဘီလီယံဖြစ်ပြီး ယခင်နှစ်ကာလတူ ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၅၅၈ မှုနှင့် ခန့်မှန်းတန်ဖိုးသည် ကျပ် ၆ ဒသမ ၆၂၆ ဘီလီယံဖြစ်သည့်အတွက် ကာလတူတွင် အမှုတွဲ ၁၅၃၇ မှုနှင့် ခန့်မှန်းတန်ဖိုးကျပ် ၃၈ ဒသမ ၉၇၄ ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖမ်းဆီးရမိမှုကို ကြည့်မည်ဆိုပါက ဩဂုတ်လနှင့် အောက်တိုဘာလအတွင်း မန္တလေး တိုင်းဒေသကြီးက ဖမ်းဆီးရမိမှုအများဆုံးဖြစ်ပြီး စက်တင်ဘာလအတွင်းတွင် ကရင်ပြည်နယ်က ဖမ်းဆီးရမိမှု အများဆုံးဖြစ်ကြောင်း။

အထူးအဖွဲ့များအနေဖြင့် တရားမဝင်တင်သွင်း လာသည့် အမိုနီယမ်နိုက်ထရိတ်များကို လုံခြုံရေး အသိဖြင့် ဖိဖိစီးစီးစစ်ဆေးရမည်ဖြစ်သကဲ့သို့ တစ်ဖက် တွင်လည်း စိုက်ပျိုးသူ တောင်သူများလက်သို့ လိုအပ် သည့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီ တရားဝင် အတားအဆီးမရှိ ရောက်ရှိရေး အတားအဆီးမဖြစ် စေရန် စီမံဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု တားဆီးရာတွင် တရားမဝင် ကုန်စည်များကိုသာမက မူးယစ်ဆေးဝါး၊ ပေါက်ကွဲ စေတတ်သည့်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ထို့ပြင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် ဌာနဆိုင်ရာများ အနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို စစ်ဆေးရာ တွင် တရားမဝင်လက်နက်ခဲယမ်းများနှင့် ပေါက်ကွဲ စေတတ်သည့်ပစ္စည်းများ ခိုးဝှက်သယ်ဆောင်ခြင်း မရှိစေရေး အလေးထား စစ်ဆေးသွားကြရမည် ဖြစ်ကြောင်း။

**ကတိကဝတ်များကို လေးစားလိုက်နာမှု**

နိုင်ငံအတွင်း အရည်အသွေးပြည့်မီသည့် စားသုံးဆီဖူလုံစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေး အတွက် နိုင်ငံတော်အစိုးရက စနစ်တကျ စီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက် ပေးနေချိန် အကောက်ခွန်မဲ့ တရားမဝင် စားသုံးဆီ များ တင်သွင်းသယ်ဆောင်မှုများ ရှိနေကြောင်း၊ ထို့ကြောင့် အထူးအဖွဲ့များအနေဖြင့် တရားမဝင် စားသုံးဆီတင်သွင်းမှုများကို ထိထိရောက်ရောက် စစ်ဆေး တားဆီးဖော်ထုတ်ကြရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုများ ရှင်သန်ကြီးထွား နေသည့် အကြောင်းခြင်းရာ များစွာရှိသည့်အနက် သို့ဝှက်ရှောင်ကွင်း သယ်ဆောင်မှုများကြောင့် လွတ်သွားခြင်းများရှိသကဲ့သို့ ဝန်ထမ်းအချို့၏ ငွေကြေးရယူခွင့်ပြုမှုများကြောင့် တားဆီးနိုင်မှု မရှိခြင်းများလည်းရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ထမ်းဆောင် သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ဒေသဆိုင်ရာ အကောက်ခွန်သက်သာခွင့် အစီအစဉ်များအရ အခြားနိုင်ငံများတွင် မရရှိနိုင်သည့် အကောက်ခွန် သက်သာခွင့် မိမိတို့နိုင်ငံက ရရှိထားသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံထွက် ကုန်စည်များကိုသာ သီးခြားကင်းလွတ်သက်သာခွင့်များ ပေးထား ကြောင်း၊ နိုင်ငံတကာစည်းမျဉ်း၊ စည်းကမ်း၊ ကတိ ကဝတ်များကို လေးစားလိုက်နာမှုနှင့် မိမိတို့နိုင်ငံ အပေါ် အခြားနိုင်ငံများ၏ ယုံကြည်မှုကိုပါ မထိခိုက် စေရေး ဆောင်ရွက်ရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုကို လုံးဝပပျောက်အောင် ဆောင်ရွက်ရန် ယခုအချိန်ကာလအထိ မဖြစ်နိုင်သေး သော်လည်း ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် ကာကွယ် တားဆီးဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရား မဝင်ကုန်စည်များ တားဆီးဖမ်းဆီးရေးတွင် တာဝန် ကျေပွန်စွာ ပါဝင်ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်း များနှင့် တာဝန်သိစိတ်ဖြင့် သတင်းအချက်အလက် များ ပေးပို့သော ပြည်သူများကိုလည်း ထိုက်သင့်သည့် အသိအမှတ်ပြုမှုနှင့် ချီးမြှင့်မှုအနေဖြင့် ဆုကြေးငွေ ခွဲဝေပေးခြင်းကို သတ်မှတ်ချက်နှင့်အညီ မြန်မြန် ဆန်ဆန် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင်က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ (၄/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ၊ အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဒေါက်တာခင်ဇော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင် ပြည်နယ်တို့မှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများ၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန် ဝင်းအောင်၊ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေး မှူး သူရအောင်မျိုးမြင့်တို့က တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၅/၂၀၂၂) အမှာစာများကို ဖတ်ကြား တင်ပြကြသည်။

ထို့နောက် ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်နိုင်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြ ကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်း အဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၅/၂၀၂၂) ဆုံးဖြတ်ချက်(မူကြမ်း)ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက် ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်း အဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကသာခရိုင်တွင် သီးနှံများ အထွက်နှုန်းတိုးတက်ရေး နည်းပညာပေးဆွေးနွေးပွဲ ဆောင်ရွက်

ကသာ နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံးတွင် ယနေ့နံနက် ၁၀ နာရီက သီးနှံအထွက်နှုန်း တိုးတက်ရေး နည်းပညာပေး ဆွေးနွေးပွဲဆောင်ရွက်ခဲ့သည်။

နည်းပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ကသာခရိုင် ဦးစီးမှူး ဦးမြင့်စိုးက သီးနှံများ အထွက်နှုန်းတိုးတက်ရေးကိစ္စများ ဆွေးနွေးရှင်းလင်းခဲ့ပြီး ကသာမြို့နယ် ဦးစီးမှူး ဦးကိုလေးက ဆောင်းသီးနှံ



များ စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်းကောင်း၊ ကသာခရိုင် မျိုးစေ့ တာဝန်ခံ ဒေါ်နော်ဂရေ့စ်က မျိုးကောင်းမျိုးသန့်အသုံးပြုရေး နည်းပညာ များကိုလည်းကောင်း၊ ခရိုင်မြေအသုံးချတာဝန်ခံ ဦးအေးဝင်းက အီးအမ် အခြေခံသဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ငယ်ထွေးစုဟန်က ဘက်စုံပိုးမွှား ရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးပို့ချ ခဲ့သည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ကသာခရိုင်နှင့် ကသာမြို့နယ် မှ ဝန်ထမ်းစုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ပြီး ကသာခရိုင်အနေဖြင့် ၂၀၂၂-၂၀၂၃ ဆောင်းသီးနှံစုံလျာထားချက် ၃၉၄၇၅၇ ဧကရှိရာ ၁၆၃၄၉၈ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

ထို့အပြင် ကသာခရိုင်တွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်းသီးနှံစုံ စံပြကွက် ဧက ၂၉၀ နှင့် မျိုးစေ့ထုတ်ကွက် ၂၄၅ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမြသက်ထား**



ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ပြည်သူ့ဆေးရုံ၌ လူနာများအတွက် လိုအပ်နေသော သွေးအမျိုးအစားကို သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး အောင်မြင့်မြတ်ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းပေးကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက လက်ခံဆောင်ရွက်ပေးကြစဉ်။ ၂၁၀

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၁၈ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
( ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အေးချမ်းသာယာဝပြောရေးအတွက် နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**
**မဟာသရေစည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးကျော်ငြိမ်း | | ဒုတိယဝန်ကြီးချုပ် |

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့**
**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်ခင်မောင်ကလေး | ဝန်ကြီး | ဘဏ္ဍာရေးနှင့်အခွန်တော်ဌာန |
| ၂။ | ဦးခင်မောင်လတ် | ဝန်ကြီး | တရားရေးဌာန |
| ၃။ | ဦးမောင်ကျော်ဇံ | ဝန်ကြီး | တရားရေးဌာန |
| ၄။ | ဦးအုန်း | ဝန်ကြီး | ကူးသန်းရောင်းဝယ်ရေးနှင့်ထောက်ပံ့ရေးဌာန |
| ၅။ | ဗိုလ်ဘိုးကွန်း | ဝန်ကြီး | ပညာရေး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်လည်ထူထောင်ရေးဌာန |
| ၆။ | ဦးသန်းအောင် | ဝန်ကြီး | ပညာရေးဌာနဒုက္ခသည်များနှင့်ကယ်ဆယ်ရေးဌာန |
| ၇။ | ဦးဘစော | ဝန်ကြီး | သာသနာရေး၊ လူမှုဝန်ထမ်းနှင့်လူထုပညာရေးဌာန |
| ၈။ | ဦးကာ | ဝန်ကြီး | ပညာရေးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာန နှင့်လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးဌာန |
| ၉။ | ဦးထွန်းဖေ | ဝန်ကြီး | ပြန်ကြားရေးဌာန |
| ၁၀။ | ဦးညိုထွန်း | ဝန်ကြီး | ပြန်ကြားရေးဌာန |
| ၁၁။ | သခင်ချစ်မောင် | ဝန်ကြီး | ပြန်ကြားရေးဌာန |
| ၁၂။ | ဦးကျော်မြင့် | ဝန်ကြီး | သတ္တုတွင်းနှင့်စက်မှုလက်မှုဌာန |
| ၁၃။ | ဦးရာရှစ်(ခ)မစ္စတာအမ် (မ)အေရာရှစ် | ဝန်ကြီး | အိမ်ရာဆောက်လုပ်ရေးနှင့်အလုပ်သမားဌာန၊ သတ္တုတွင်းဌာန |
| ၁၄။ | ဗိုလ်ခင်မောင် | ဝန်ကြီး | စက်မှုလက်မှုဌာန |
| ၁၅။ | သခင်လွင် | ဝန်ကြီး | အလုပ်သမားဌာန |
| ၁၆။ | ဒေါက်တာစိန်ဘန်း | ဝန်ကြီး | ကျန်းမာရေးဌာန |
| ၁၇။ | သခင်သာခင် | ဝန်ကြီး | ပြည်ထဲရေးဌာန |
| ၁၈။ | သခင်ကျော်ထွန်း | ဝန်ကြီး | လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးဌာန၊ ပြည်သူ့ရိက္ခာထောက်ပံ့ရေးနှင့်သမဝါယမဌာန |
| ၁၉။ | သခင်စံမြင့် | ဝန်ကြီး | လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးဌာန |
| ၂၀။ | ဦးထွန်းဝင်း | ဝန်ကြီး | သမဝါယမနှင့်ကုန်စည်ဖြန့်ဖြူးရေးဌာန |
| ၂၁။ | ဦးဝင်းမောင် | ဝန်ကြီး | ဆိပ်ကမ်း၊ ရေကြောင်း၊ လေကြောင်းနှင့်ကမ်းရိုးတန်း ဆက်သွယ်ရေးဌာန |
| ၂၂။ | ဦးရွှေကြိုင် | ဝန်ကြီး | ပြန်လည်ထူထောင်ရေးဌာန |
| ၂၃။ | သခင်ပန်းမြိုင် | ဝန်ကြီး | ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးဌာန |
| ၂၄။ | ဦးထွန်းမြင့် | ဝန်ကြီး | ဌာနလက်ကိုင်မရှိ |
| ၂၅။ | ဗိုလ်စိန်မှန် | ဝန်ကြီး | ဌာနလက်ကိုင်မရှိ |
| ၂၆။ | ဦးဆန်ခိုလျှံ | ဥက္ကဋ္ဌ | ချင်းရေးရာဦးစီးအဖွဲ့ |
| ၂၇။ | စောစံဖိုးသင် | ဥက္ကဋ္ဌ | ကရင်ပြည်နယ်အစိုးရ ကရင်ရေးရာဝန်ကြီး |
| ၂၈။ | မန်းဘဆိုင် | | ကရင်ရေးရာဝန်ကြီး |
| ၂၉။ | ဦးထန်လျန်း | | ချင်းရေးရာဝန်ကြီး |
| ၃၀။ | ဦးနိုင်အောင်ထွန်း | | မွန်ရေးရာဝန်ကြီး |
| ၃၁။ | ဦးဘမြိုင် | | ရခိုင်ရေးရာဝန်ကြီး |
| ၃၂။ | ဦးအောင်ဇေဝ | | လူနည်းစုဌာနဝန်ကြီး |

( ပုံ ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၁၉ /၂၀၂၂
၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
( ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၉၆၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာဝပြောရေးအတွက် နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**
**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးခင်ဇာမုံ | နိုင်ငံတော်ကောင်စီဝင် |
| ၂။ | ဦးစိုးလှိုင် | နိုင်ငံတော်ကောင်စီဝင် |
| ၃။ | ဦးစပ်အုံးညှာ | နိုင်ငံတော်ကောင်စီဝင် |
| ၄။ | ဦးတင်သိန်း | နိုင်ငံတော်ကောင်စီဝင် |
| ၅။ | ဦးထွန်းမြင့်(လင်းခေး) | နိုင်ငံတော်ကောင်စီဝင် |
| ၆။ | ဦးဒိန်ရတန် | နိုင်ငံတော်ကောင်စီဝင် |
| ၇။ | ဗိုလ်မှူးကြီးမင်းသိမ်း | နိုင်ငံတော်ကောင်စီဝင် |
| ၈။ | ဒေါက်တာမောင်လွင် | နိုင်ငံတော်ကောင်စီဝင် |
| ၉။ | ဦးမန်းစံမြတ်ရွှေ | နိုင်ငံတော်ကောင်စီဝင် |
| ၁၀။ | ဦးလှထွန်းဖြူ | နိုင်ငံတော်ကောင်စီဝင် |
| ၁၁။ | ဒေါက်တာသိန်းအောင် | နိုင်ငံတော်ကောင်စီဝင် |
| ၁၂။ | သခင်အောင်မင်း | နိုင်ငံတော်ကောင်စီဝင် |
| ၁၃။ | ဦးကျော်စိန် | နိုင်ငံတော်ကောင်စီဝင် |
| ၁၄။ | ဦးစောအုံ | နိုင်ငံတော်ကောင်စီဝင် |
| ၁၅။ | ဦးစံထွန်း | နိုင်ငံတော်ကောင်စီဝင် |
| ၁၆။ | ဦးတင်ဇ(ရှမ်းပြည်) | နိုင်ငံတော်ကောင်စီဝင် |
| ၁၇။ | ဦးထင်ကျော် | နိုင်ငံတော်ကောင်စီဝင် |
| ၁၈။ | ဦးထွန်းမြတ် | နိုင်ငံတော်ကောင်စီဝင် |
| ၁၉။ | ဦးဗန်ကူး | နိုင်ငံတော်ကောင်စီဝင် |
| ၂၀။ | ဦးလဖိုင်ခွန်နေ့ာင် | နိုင်ငံတော်ကောင်စီဝင် |
| ၂၁။ | ဦးလွင်(ပဲခူးတိုင်း) | နိုင်ငံတော်ကောင်စီဝင် |
| ၂၂။ | ဦးလွင်(မွန်ပြည်နယ်) | နိုင်ငံတော်ကောင်စီဝင် |
| ၂၃။ | ဦးသာကျော် | နိုင်ငံတော်ကောင်စီဝင် |
| ၂၄။ | ဦးသိုင်းသန်းတင် | နိုင်ငံတော်ကောင်စီဝင် |
| ၂၅။ | ဦးအောင်ဒင် | နိုင်ငံတော်ကောင်စီဝင် |
| ၂၆။ | သခင် ခင်ဇော် | နိုင်ငံတော်ကောင်စီဝင် |
| ၂၇။ | ဦးခင်အေး | နိုင်ငံတော်ကောင်စီဝင် |
| ၂၈။ | ဦးဇော်ဝင်း | နိုင်ငံတော်ကောင်စီဝင် |
| ၂၉။ | ဦးဖော်ယူခါး | နိုင်ငံတော်ကောင်စီဝင် |
| ၃၀။ | ဦးဘသော် | နိုင်ငံတော်ကောင်စီဝင် |
| ၃၁။ | သူရဦးမင်းသိမ်း | နိုင်ငံတော်ကောင်စီဝင် |
| ၃၂။ | သူရဦးအောင်ဖေ | နိုင်ငံတော်ကောင်စီဝင် |
| ၃၃။ | ဦးချစ်လှိုင် | နိုင်ငံတော်ကောင်စီဝင် |
| ၃၄။ | ဦးဂျပ်တူး | နိုင်ငံတော်ကောင်စီဝင် |
| ၃၅။ | ဦးစိုး | နိုင်ငံတော်ကောင်စီဝင် |
| ၃၆။ | ဦးစိုင်းအောင်ထွန်း | နိုင်ငံတော်ကောင်စီဝင် |
| ၃၇။ | ဦးစန်းမောင် | နိုင်ငံတော်ကောင်စီဝင် |
| ၃၈။ | ဦးတင်အောင် | နိုင်ငံတော်ကောင်စီဝင် |
| ၃၉။ | ဦးထွန်းရင်လော | နိုင်ငံတော်ကောင်စီဝင် |
| ၄၀။ | ဦးဘလှ | နိုင်ငံတော်ကောင်စီဝင် |

စာမျက်နှာ ၁၁ သို့ ❖

❖ စာမျက်နှာ ၁၀ မှ

## ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့

### စည်သူဘွဲ့(အဆက်)

| | | |
|---|---|---|
| ၄၁။ | ဦးဘူးရယ် | နိုင်ငံတော်ကောင်စီဝင် |
| ၄၂။ | ဦးလှထွန်း | နိုင်ငံတော်ကောင်စီဝင် |
| ၄၃။ | ဦးဝမ်းသူဟာရှိန်း | နိုင်ငံတော်ကောင်စီဝင် |
| ၄၄။ | ဦးအောင်ဆင့် | နိုင်ငံတော်ကောင်စီဝင် |
| ၄၅။ | ဦးအုန်းကြည် | နိုင်ငံတော်ကောင်စီဝင် |
| ၄၆။ | ဗိုလ်မှူးချုပ် စန်ကြည် | နိုင်ငံတော်ကောင်စီဝင် |

## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ

### သီရိပျံ့ချီဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ်မြင့်မောင် | ဥက္ကဋ္ဌ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဝန်ကြီး၊ နိုင်ငံခြားရေးဌာန |
| ၂။ | ဦးအုံးတင် | ဥက္ကဋ္ဌ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ |
| ၃။ | ဦးမြမောင် | ဝန်ကြီး | လူမှုဝန်ထမ်းဌာန/အလုပ်သမားဌာန/ ယဉ်ကျေးမှုဌာန/ပြန်ကြားရေးဌာန |
| ၄။ | ဗိုလ်မှူးချုပ်ခင်အုန်း | ဝန်ကြီး | လူမှုဝန်ထမ်းဌာန/အလုပ်သမားဌာန/ ပို့ဆောင်ဆက်သွယ်ရေးဌာန |
| ၅။ | ဦးအုန်းကျော် | ဝန်ကြီး | လူမှုဝန်ထမ်းဌာန/ အလုပ်သမားဌာန |
| ၆။ | ဗိုလ်ချုပ်မြင့်လွင် | ဝန်ကြီး | ဆောက်လုပ်ရေးဌာန |
| ၇။ | ဗိုလ်မှူးကြီးစိန်လွင် | ဝန်ကြီး | ပို့ဆောင်ဆက်သွယ်ရေးဌာန/ သမဝါယမဌာန |
| ၈။ | ဦးစိန်ရ | ဝန်ကြီး | ပို့ဆောင်ဆက်သွယ်ရေးဌာန |
| ၉။ | ဦးအောင်ကျော်မြင့် | ဝန်ကြီး | ယဉ်ကျေးမှုဌာန/ ပြန်ကြားရေးဌာန |
| ၁၀။ | ဗိုလ်မှူးကြီးမောင်ချို | ဝန်ကြီး | သတ္တုတွင်းဌာန/ လျှပ်စစ်ဌာန/ စွမ်းအင်ဌာန/ အမှတ်(၂)စက်မှုဌာန |
| ၁၁။ | ဦးလှဘုန်း | ဝန်ကြီး | နိုင်ငံခြားရေးဌာန |
| ၁၂။ | ဦးလေးမောင် | ဝန်ကြီး | နိုင်ငံခြားရေးဌာန |
| ၁၃။ | ဦးရဲခေါင် | ဝန်ကြီး | နိုင်ငံခြားရေးဌာန/ လယ်ယာနှင့် သစ်တောဌာန/ ကုန်သွယ်ရေးဌာန |
| ၁၄။ | ဦးစိန်ထွန်း | ဝန်ကြီး | လျှပ်စစ်ဌာန/ စွမ်းအင်ဌာန |
| ၁၅။ | ဗိုလ်မှူးချုပ်သန်းညွန့် | ဝန်ကြီး | လယ်ယာနှင့် သစ်တောဌာန |
| ၁၆။ | ဦးချစ်ခင် | ဝန်ကြီး | ပြန်ကြားရေးဌာန |
| ၁၇။ | ဗိုလ်မှူးကြီးဝင်းမောင် | ဝန်ကြီး | ကျန်းမာရေးဌာန |
| ၁၈။ | ဦးထွန်းဝေ | ဝန်ကြီး | ကျန်းမာရေးဌာန |
| ၁၉။ | ဒေါက်တာခင်မောင်ဝင်း | ဝန်ကြီး | ပညာရေးဌာန |
| ၂၀။ | ဦးကျော်ငြိမ်း | ဝန်ကြီး | ပညာရေးဌာန |
| ၂၁။ | ဦးစံဝင်း | ဝန်ကြီး | ကုန်သွယ်ရေးဌာန |
| ၂၂။ | ဦးလှအေး | ဝန်ကြီး | ကုန်သွယ်ရေးဌာန/ စက်မှုဌာန |
| ၂၃။ | ဗိုလ်မှူးကြီးစိန်ထွန်း | ဝန်ကြီး | သမဝါယမဌာန |
| ၂၄။ | ဦးသန်းလှိုင် | ဝန်ကြီး | သမဝါယမဌာန |
| ၂၅။ | ဗိုလ်မှူးကြီးဘိုနီ | ဝန်ကြီး | ပြည်ထဲရေးနှင့်သာသနာရေးဌာန |
| ၂၆။ | ဗိုလ်ချုပ်မင်းဂေါင် | ဝန်ကြီး | ပြည်ထဲရေးနှင့်သာသနာရေးဌာန |
| ၂၇။ | ဦးဂျီဘောမ်ယိန်း | ဥက္ကဋ္ဌ | ကချင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၂၈။ | ဒုတိယဗိုလ်မှူးကြီးလဘန်လ | ဥက္ကဋ္ဌ | ကချင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၂၉။ | ဒုတိယဗိုလ်မှူးကြီးအမ်ဖော်ယော် | ဥက္ကဋ္ဌ | ကချင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၀။ | ဦးကျော်ဒင် | ဥက္ကဋ္ဌ | ကယားပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၁။ | ဦးစောဘာနီ | ဥက္ကဋ္ဌ | ကရင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၂။ | ဦးစောအောင်ပွင့် | ဥက္ကဋ္ဌ | ကရင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၃။ | ဒုတိယဗိုလ်မှူးကြီးကပ်ကျုံနူး | ဥက္ကဋ္ဌ | ချင်းပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၄။ | ဒုတိယဗိုလ်မှူးကြီးအီးကေကင်ငင်း | ဥက္ကဋ္ဌ | ချင်းပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၅။ | ဒုတိယဗိုလ်မှူးကြီးခိုင်မွန်းမန် | ဥက္ကဋ္ဌ | ချင်းပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၆။ | ဗိုလ်မှူးကြီးဆွန်ခိုဝင်း | ဥက္ကဋ္ဌ | ချင်းပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၇။ | ဗိုလ်မှူးကြီးတင်ညွန့် | ဥက္ကဋ္ဌ | စစ်ကိုင်းတိုင်းပြည်သူ့ကောင်စီ |
| ၃၈။ | ဒုတိယဗိုလ်မှူးကြီးဘကြည် | ဥက္ကဋ္ဌ | စစ်ကိုင်းတိုင်းပြည်သူ့ကောင်စီ |
| ၃၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းပြည်သူ့ကောင်စီ |
| ၄၀။ | ဒုတိယဗိုလ်မှူးကြီးအောင်သန်း(လေ) | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းပြည်သူ့ကောင်စီ |
| ၄၁။ | ဗိုလ်မှူးကြီး လှရွှေ | ဥက္ကဋ္ဌ | ပဲခူးတိုင်းပြည်သူ့ကောင်စီ |
| ၄၂။ | ဒုတိယဗိုလ်မှူးကြီးထွန်းကျော် | ဥက္ကဋ္ဌ | ပဲခူးတိုင်းပြည်သူ့ကောင်စီ |
| ၄၃။ | ဗိုလ်မှူးကြီးတင်မြင့် | ဥက္ကဋ္ဌ | မကွေးတိုင်းပြည်သူ့ကောင်စီ |
| ၄၄။ | ဗိုလ်မှူးကြီးမောင်ထူး | ဥက္ကဋ္ဌ | မကွေးတိုင်းပြည်သူ့ကောင်စီ |
| ၄၅။ | ဦးအောင်ထွတ် | ဥက္ကဋ္ဌ | မွန်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၄၆။ | ဗိုလ်မှူးကြီးအောင်ထွန်း | ဥက္ကဋ္ဌ | မွန်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၄၇။ | ဦးကျော်မောင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၄၈။ | ဒုတိယဗိုလ်မှူးကြီးအောင်သိန်း | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းပြည်သူ့ကောင်စီ |
| ၄၉။ | ဒုတိယဗိုလ်မှူးကြီးကျော်မြင့် | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းပြည်သူ့ကောင်စီ |
| ၅၀။ | ဗိုလ်မှူးကြီးကျော်သိန်း | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းပြည်သူ့ကောင်စီ |
| ၅၁။ | ဗိုလ်မှူးကြီးဇခိုင် | ဥက္ကဋ္ဌ | ဧရာဝတီတိုင်းပြည်သူ့ကောင်စီ |
| ၅၂။ | ဗိုလ်မှူးကြီးတင်လှိုင်(လေ) | ဥက္ကဋ္ဌ | ဧရာဝတီတိုင်းပြည်သူ့ကောင်စီ |

### ဇေယျကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီးသာဝင်း | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းပြည်သူ့ကောင်စီ |
| ၂။ | ဗိုလ်မှူးကြီးလှဖေ | ဥက္ကဋ္ဌ | ပဲခူးတိုင်းပြည်သူ့ကောင်စီ |
| ၃။ | ဒုတိယဗိုလ်မှူးကြီးမင်းညီ | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းပြည်သူ့ကောင်စီ |

### ဝဏ္ဏကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီးအေးကို | ဒုတိယဝန်ကြီး | စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန |
| ၂။ | ဒေါက်တာမောင်ရှိန် | ဒုတိယဝန်ကြီး | စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန |
| ၃။ | ဦးကျော်မြင့် | ဒုတိယဝန်ကြီး | စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန |
| ၄။ | ဦးညွန့်မောင် | ဒုတိယဝန်ကြီး | စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန |
| ၅။ | ဦးပေါ်သိမ်း | ဒုတိယဝန်ကြီး | ပြည်ထဲရေးနှင့်သာသနာရေးဌာန |
| ၆။ | ဗိုလ်မှူးကြီးမောင်အုန်း | ဒုတိယဝန်ကြီး | အမှတ်(၁)စက်မှုဌာန |
| ၇။ | ဦးသိန်းမြင့် | ဒုတိယဝန်ကြီး | အမှတ်(၁)စက်မှုဌာန |
| ၈။ | ဦးလှဖေ | ဒုတိယဝန်ကြီး | အမှတ်(၂)စက်မှုဌာန |
| ၉။ | ဒေါက်တာမန်းသက်စံ | ဒုတိယဝန်ကြီး | အမှတ်(၂)စက်မှုဌာန |
| ၁၀။ | ဦးကျော်ဇ | ဒုတိယဝန်ကြီး | အမှတ်(၂)စက်မှုဌာန |
| ၁၁။ | ဦးဦးစောလှ | ဒုတိယဝန်ကြီး | အမှတ်(၂)စက်မှုဌာန |
| ၁၂။ | ဦးစောလှဖြူ | ဒုတိယဝန်ကြီး | သတ္တုတွင်းဌာန |
| ၁၃။ | ဦးမျိုးမြင့် | ဒုတိယဝန်ကြီး | သတ္တုတွင်းဌာန |
| ၁၄။ | ဦးဝင်းထိန် | ဒုတိယဝန်ကြီး | သတ္တုတွင်းဌာန |
| ၁၅။ | ဦးကိုကိုသန်း | ဒုတိယဝန်ကြီး | သတ္တုတွင်းဌာန |
| ၁၆။ | ဦးတင်မောင် | ဒုတိယဝန်ကြီး | ပို့ဆောင်ဆက်သွယ်ရေးဌာန |
| ၁၇။ | ဦးကျင်လှိုင် | ဒုတိယဝန်ကြီး | ဆောက်လုပ်ရေးဌာန |
| ၁၈။ | ဦးစံတင့် | ဒုတိယဝန်ကြီး | သမဝါယမဌာန |
| ၁၉။ | ဒေါက်တာချစ် | ဒုတိယဝန်ကြီး | သမဝါယမဌာန |
| ၂၀။ | ဦးကျော်သန်း | ဒုတိယဝန်ကြီး | သမဝါယမဌာန |
| ၂၁။ | ဦးကျော်ခင် | ဒုတိယဝန်ကြီး | ကျန်းမာရေးဌာန |
| ၂၂။ | ဗိုလ်မှူးကြီးထွန်းလှဖြူ | ဒုတိယဝန်ကြီး | ကျန်းမာရေးဌာန |
| ၂၃။ | ဒေါက်တာမောင်မောင်အေး | ဒုတိယဝန်ကြီး | ပညာရေးဌာန |
| ၂၄။ | ဒေါက်တာမောင်ဒီ | ဒုတိယဝန်ကြီး | ပညာရေးဌာန |
| ၂၅။ | ဦးသောင်းထွဋ် | ဒုတိယဝန်ကြီး | ပညာရေးဌာန |
| ၂၆။ | ဦးကျော်ထိန် | ဒုတိယဝန်ကြီး | လယ်ယာနှင့်သစ်တောဌာန |
| ၂၇။ | ဗိုလ်မှူးကြီးအောင်ဝင်း | ဒုတိယဝန်ကြီး | လယ်ယာနှင့်သစ်တောဌာန |
| ၂၈။ | ဦးခင်မောင်ရီ | ဒုတိယဝန်ကြီး | ကုန်သွယ်ရေးဌာန |
| ၂၉။ | ဦးပေါ်ခန်သန်း | ဒုတိယဝန်ကြီး | လူမှုဝန်ထမ်းဌာနနှင့် အလုပ်သမားဌာန |
| ၃၀။ | ဦးတိုက်စိုး | ဒုတိယဝန်ကြီး | ပြန်ကြားရေးဌာန |
| ၃၁။ | ဗိုလ်မှူးကြီးအောင်ဌေး | ဒုတိယဝန်ကြီး | ပြန်ကြားရေးဌာနနှင့် ယဉ်ကျေးမှုဌာန |
| ၃၂။ | ဦးတင်အုန်း | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဌာန |
| ၃၃။ | ဦးစောလှိုင် | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဌာန |
| ၃၄။ | ဦးလှရွှေ | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဌာန |
| ၃၅။ | ဗိုလ်မှူးကြီးမောင်မောင်အေး | ဒုတိယဝန်ကြီး | မွေးမြူရေးနှင့်ရေလုပ်ငန်းဌာန |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

# ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၂၀ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

( ၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၂၃ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၄၁၂၄၇ | ဗိုလ်မှူး | ဝင်းကျော် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**ရဲဗလတံဆိပ်**

| | | | | |
|---|---|---|---|---|
| ၁။ | ၈၆၅၂၆၉ | တပ်ကြပ်ကြီး | မျိုးမင်းအောင်၏ဇနီး ဒေါ်စန်းမြင့်လေး | အမှတ်(၃၃၆) ခြေမြန်တပ်ရင်း |
| ၂။ | ၈၇၉၇၆၆ | တပ်ကြပ်ကြီး | အောင်ကျော်ဝင်း၏ဇနီး ဒေါ်သန်းသန်းစိုး | အမှတ်(၅၃၀) ခြေမြန်တပ်ရင်း |
| ၃။ | ၈၅၂၉၁၄ | တပ်ကြပ် | သိန်းဟန်၏ဇနီး ဒေါ်ခင်နွဲ့ | အမှတ်(၃၃၆) ခြေမြန်တပ်ရင်း |
| ၄။ | တ-၂၄၀၁၄၄ | တပ်ကြပ် | ဝေယံမြင့်သူ၏ဇနီး ဒေါ်အိခိုင်အောင် | အမှတ်(၅၃၀) ခြေမြန်တပ်ရင်း |
| ၅။ | တ-၄၃၂၈၇၂ | ဒုတိယတပ်ကြပ် | ကြည်ရွှေ၏ဇနီး ဒေါ်သဲသဲကျော် | အမှတ်(၅၃၀) ခြေမြန်တပ်ရင်း |
| ၆။ | တတ-၁၂၆၂၅၂ | တပ်သား | ဝေလင်းထက်၏ဇနီး ဒေါ်ဖြိုးဖြိုးဝေ | အမှတ်(၅၃၀) ခြေမြန်တပ်ရင်း |
| ၇။ | ဦးညီဇော်ရှိန်း | | ကချင်ပြည်နယ် | |
| ၈။ | ဦးဇီဆီး | | ကချင်ပြည်နယ် | |
| ၉။ | ဦးဖိုးမင်း | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၁၀။ | ဦးပြည့်စုံဖြိုး | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၁၁။ | ဦးပြည့်စုံအောင် | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၁၂။ | ဦးလင်းအောင် | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၁၃။ | ဦးခေတ်ပို | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၁၄။ | ဦးပြည့်ဖြိုးအောင် | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၁၅။ | ဦးအောင်ကျော်ဦး | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၁၆။ | ဦးဘိုမှူး | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၁၇။ | ဦးစံထွန်းမောင် | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၁၈။ | ဦးပြည့်ဖြိုးဇော် | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၁၉။ | ဦးမင်းသူကျော် | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၂၀။ | ဦးသိန်းလွင် | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၂၁။ | ဦးတင်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၂၂။ | ဦးရဲရင့် | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၂၃။ | ဦးတင်ကိုဦး | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၂၄။ | ဦးစိုးမင်းထွေး | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၂၅။ | ဦးစိုးစိုး | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၂၆။ | ဦးဟိန်းဦး | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၂၇။ | ဦးသန်းနိုင် | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၂၈။ | ဦးသက်ထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၂၉။ | ဦးသန်းတိုးအောင် | | စစ်ကိုင်းတိုင်းဒေသကြီး | |

**ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ**
**နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၃၂၄၀၂ | ဒုတိယဗိုလ်မှူးကြီး | တင့်လွင် | ကာကွယ်ရေးဝန်ကြီးဌာန |

**နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၄၈၄၅၆ | ဗိုလ်ကြီး | မင်းထင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ကြည်း ၅၇၃၈၀ | ဗိုလ်ကြီး | အေးမင်းဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |

**( ပုံ ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၂၁ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

( ၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၂၃ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စာပေနှင့် အနုပညာနယ်ပယ်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့**
**အလင်္ကာကျော်စွာဘွဲ့**

| | | |
|---|---|---|
| ၁။ | ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး) | စာရေးဆရာ |
| ၂။ | ဦးအုံ့မောင် (အုံ့မောင်) | စာရေးဆရာ |
| ၃။ | ဦးညွန့်မောင် (မောင်မောင်ညွန့်- မန်းတက္ကသိုလ်) | စာရေးဆရာ |
| ၄။ | ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) | စာရေးဆရာ |
| ၅။ | ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး(ငြိမ်း) (တင်သန်းဦး) | စာရေးဆရာ/ ဒါရိုက်တာ |
| ၆။ | ဦးသိန်းထွန်း(PEPSI) | မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သူ (ထွန်းဖောင်ဒေးရှင်း) |

**( ပုံ ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**❍ လက်ရှိကမ္ဘာ့ဖလားမှ**
တိုက်စစ်မှူး ခရစ္စတိုဖာအင်န်ကွန်ကူတို့ ဒဏ်ရာပြဿနာကြောင့် အသင်းနဲ့အတူ ပါဝင်လာခြင်းမရှိခဲ့ပေမယ့် အမ်ဘတ်ပီ၊ ဂျရူး၊ ဒမ်ဘီလီ၊ ဂရစ်ဇ်မန်း စတဲ့ တိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်ရည်နဲ့အတူ ဩစတြေးလျအသင်းကို အနိုင်ရရှိခဲ့တာကြောင့် လက်ရှိချန်ပီယံဆိုတဲ့ ဂုဏ်ပုဒ်ကို ဆက်ထိန်းထားနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

ပြင်သစ်အသင်းနဲ့ ဩစတြေးလျအသင်းတို့ပွဲစဉ်မှာ ဩစတြေးလျအသင်းက ပထမပိုင်းပွဲကစားချိန် ကိုးမိနစ်မှာ ဂွတ်ဝင်းရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပြင်သစ်အသင်းကတော့ ပွဲကစားချိန် ၂၇ မိနစ်မှာ ရာဘီယော့က တစ်ဂိုး၊ ၃၂ မိနစ်နဲ့ ၇၁ မိနစ်မှာ ဂျရူးက နှစ်ဂိုး၊ ၆၈ မိနစ်မှာ အမ်ဘတ်ပီကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဂျရူးဟာ အခုပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် တိုက်စစ်မှူး ဟင်နရီရဲ့ ပြင်သစ်နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ သွင်းယူခဲ့တဲ့ ၅၁ ဂိုးစံချိန်ကို လိုက်မီခဲ့ပြီဖြစ်ပါတယ်။ နိုဝင်ဘာ ၂၃ ရက်ည အစောပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ မော်ရိုကိုအသင်းနဲ့ ခရိုအေးရှားအသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ဂျာမနီအသင်းနဲ့ ဂျပန်အသင်းတို့ပွဲစဉ်မှာတော့ ဂျပန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်



နေပြည်တော် နိုဝင်ဘာ ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization–WHO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် (Representative)အဖြစ် တာဝန်ထမ်းဆောင်မည့် Dr. Thushara Eraj Indranath Fernando က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် လာရောက်ဂါရဝပြု တွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၂၃

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စပါးနှင့် ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်သည်။

**ဆွေးနွေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆန်စပါးနှင့် ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာများ ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်း၊ ဒေသခံလုပ်ငန်းရှင်များ၊ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်သောတောင်သူများနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုး/ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုအနေဖြင့် ပဲတီစိမ်းဧက နှစ်သိန်းခန့်၊ နွေစပါးစိုက်ဧက လေးသောင်းခန့် လျာထားဆောင်ရွက်နေကြောင်းနှင့်စီမံကိန်းအောင်မြင်ရေး၊ ဈေးငွေများဆုံးရှုံးမှုမရှိစေရေး၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေများ ပြန်လည်ရရှိရေး ဆောင်ရွက်မည့်အစီအမံများနှင့် အစိုးရအဖွဲ့မှ စီမံကိန်းအောင်မြင်ရေးအတွက် တာဝန်ယူကြီးကြပ်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသော ဒေသခံလုပ်ငန်းရှင်များနှင့် တောင်သူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ထို့နောက် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြပြီး စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ကြမည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၊ ဆန်စပါးလုပ်ငန်းရှင်၊ ပဲလုပ်ငန်းရှင်များ၊ သမဝါယမအသင်းများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြမည့် အစီအမံများကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှည်းကူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ခရမ်း၊ သုံးခွ၊ ကော့မှူး၊ ကျောက်တန်း၊ သန်လျင်၊ လှည်းကူးမြို့နယ်များမှ ဒေသခံလုပ်ငန်းရှင်များ၊ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်သော တောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်းများ၊ လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး



နေပြည်တော် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံဒေသတွင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးအေဂျင်စီများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption_ ASEAN–PAC) ၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကို ယမန်နေ့က တက်ရောက်ခဲ့ပြီး ASEAN–PAC နားလည်မှုစာချွန်လွှာ (Memorandum of Understanding–MoU) လက်မှတ်ရေးထိုးခြင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (Memorandum of Understanding –MoU) ကို လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (Anti–Corruption Unit–ACU) ဥက္ကဋ္ဌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးကို ယနေ့တွင် ဆက်လက်ကျင်းပရာ အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့နှင့် အာဆီယံဒေသတွင်းနိုင်ငံများ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ခိုင်မာအားကောင်းလာစေရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ အတွေ့အကြုံများ၊ ကောင်းမွန်သည့် အလေ့အထများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ပိတ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ တက်ရောက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (Anti–Corruption Unit–ACU) ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပန်းတောင်းမြို့နယ်စာရေးဆရာအသင်း စာဆိုတော်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

ပန်းတောင်း နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်စာရေးဆရာအသင်း၏ စာဆိုတော်နေ့အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ဥသျှစ်ပင်မြို့စာရေးဆရာအသင်းရုံး အလင်္ကာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပန်းတောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ညီက အဖွင့်အမှာစကားပြောကြားပြီး ပြည်မြို့နယ် စာရေးဆရာအသင်းနာယက ပါမောက္ခ ဦးကြည်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှပေးပို့သော သဝဏ်လွှာကို အတွင်းရေးမှူး ဦးနေဒူး (ခွန်နေဒူး– သနီမြေ)က ဖတ်ကြားကာ စာဆိုတော်နေ့အထိမ်းအမှတ်ထုတ်ဝေသောကဗျာစာအုပ်တွင် ရေးသားကြသော လူငယ်မျိုးဆက်သစ်ကဗျာဆရာများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ကျော်ညီက ဂုဏ်ပြုမှတ်တမ်းများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

# မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင်ကျင်းပပြုလုပ်သည့် (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၂) ဒုတိယနေ့သို့ တက်ရောက်ဆွေးနွေး




ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ Rosatom ကုမ္ပဏီနှင့် မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရုရှားအကယ်ဒမီသိပ္ပံ( Russian academy of science) မှ ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၂ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင် ကျင်းပသည့် (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၂) (XII International Fourm ATOMEXPO 2022 ) ဒုတိယနေ့အခမ်းအနားသို့ တက်ရောက်ကြသည်။

**ကြည့်ရှုလေ့လာ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများဦးဆောင်သည့် မြန်မာကိုယ်စားလှယ်ဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၂) (XII International Fourm ATOMEXPO 2022)တွင် ခင်းကျင်းပြသထားသည့် နိုင်ငံတကာမှ နျူကလီးယားနှင့်ပတ်သက် ဆက်စပ်သော ဓာတ်အားပေးစက်ရုံများ တည်ဆောက်ထားရှိမှု၊ နျူကလီးယား ဆေးပညာဆိုင်ရာပြခန်းများ၊ Safety ဝတ်စုံများ ခင်းကျင်းပြသထားမှု၊ Research Reactor များအတွက် စက်ပစ္စည်းထုတ်လုပ်မှု ပြခန်းများကို လိုက်လံကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များအား မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့်အသုံးပြု၍ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် စူးစမ်းလေ့လာတိုင်းတာမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ Rosatom ကုမ္ပဏီနှင့် မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ (Memo–randum of Understanding – MOU) ကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် Sirius Park of Science and Art ရှိ Atom ခန်းမတွင် ပြုလုပ်သည့် မျက်နှာစုံညီအစည်းအဝေး( Plenary Session ) တွင် “Nuclear Spring: creating sustainable future” ခေါင်းစဉ်ဖြင့်ဆွေးနွေးမှုကို တက်ရောက်ဆွေးနွေးသည်။ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ၂၀၂၂ ခုနှစ် ATOMIC ဖိုရန်ကို တက်ရောက်ရန်ဖိတ်ကြားပေးသည့် Rosatom ၏အကြီးအကဲ၊ ဥက္ကဋ္ဌ အလက်ဆီလီကာချော့အား ကျေးဇူးတင်ရှိပါကြောင်း၊ တည်ဆောက်ပြီး Nuclear Power Plant၊ Small Scale Hydropower Plant၊ Wind Power နှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာအတွက် ကျောင်း၊ တက္ကသိုလ်များကို လိုက်လံပြသသည့်အပြင် Nuclear စွမ်းအင်ဆိုင်ရာ လက်မှတ်ရေးထိုးနိုင်သည့်အတွက်လည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ မိတ်ဖက်ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုသည် ၂၀၂၃ ခုနှစ်တွင် (၇၅)နှစ်မြောက်စိန်ရတုသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ အဆိုပါ စိန်ရတုအပြီးနောက်ပိုင်းတွင်လည်း နှစ်ပေါင်းကြာရှည်စွာ စီးပွားရေး၊ လူမှုရေး၊ နည်းပညာစသော ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း။

**ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေး**

၂၀၂၂ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ဗလာဒီဗော့စတော့ခ်မြို့တွင် ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum – 2022) သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်စဉ်က FEFU Campus တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံရာ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် Nuclear စွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြု၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း၊ ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ်မှ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေး(Plenary Session) ၌လည်း ပါဝင်တက်ရောက်ပြီး စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ကမ်းလွန်လုပ်ကွက်များရှိကြောင်း၊ ထို့အပြင် ရေအားအရင်းအမြစ်များ၊ ဆိုလာနှင့် Wind Power ထုတ်လုပ်နိုင်သည့် နေရာများစွာရှိသည့်အတွက် စိတ်ပါဝင်စားသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ကြားပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များနှင့် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ Rosatom နှင့် ပူးပေါင်းပြီး Small Moduler Reactor (SMR) အပြင် အသေးစားရေအားနှင့် Wind Power များကိုလည်း ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားသည် များစွာလိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လာမည့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိနိုင်ရေး အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ပိုင်းဆိုင်ရာများနှင့် စက်မှုလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။

**အလှည့်ကျဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံများမှ နျူကလီးယားနည်းပညာအသစ်ဖြင့် ဆောင်ရွက်ထားသော အသေးစားဓာတ်အားပေးစက်ရုံ Small Modular Reactor – SMR သည် နေရာအကျယ်အဝန်း မြောက်မြားစွာမလိုခြင်း၊ ဓာတ်အားခ ဈေးနှုန်းသက်သာခြင်း၊ နိုင်ငံစီးပွားအတွက် များစွာအထောက်အကူဖြစ်ခြင်း၊ အချိန်တိုကာလအတွင်း တည်ဆောက်နိုင်ခြင်း၊ အထူးသဖြင့် ဝေးလံခေါင်သီသောနေရာများ၊ စက်မှုဇုန်များအား သီးခြားဓာတ်အားပေး ဆောင်ရွက်နိုင်ခြင်းစသည့် အားသာချက်များရှိသည့်အတွက် နိုင်ငံတကာ လက်ရှိကြုံတွေ့နေရသော စွမ်းအင်အခက်အခဲအား ကျော်လွှားနိုင်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူများက အလှည့်ကျဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mikhail Chudakov က ပြည်ထောင်စုဝန်ကြီးများနှင့် အလွတ်သဘော လာရောက်တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**အမြင်ချင်းဖလှယ်**

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မျက်နှာစုံညီအစည်းအဝေး (Plenary Session: Floating Nuclear Power Plant) သို့ တက်ရောက်ပြီး လက်ရှိမျက်မှောက် ကမ္ဘာ့စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ကြပြီး ဖြစ်နိုင်ခြေကို ဆန်းစစ်လေ့လာသုံးသပ်ကြသည်။

ထို့နောက် ရုရှားအကယ်ဒမီသိပ္ပံ( Russian academy of science)မှ ဒုတိယဥက္ကဋ္ဌက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၂) တွင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်မှုပြည့်ဝသော ပညာရှင်များ ပြုစုပျိုးထောင်နိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများအား လျင်မြန်စွာ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

**နေပြည်တော် နိုဝင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြားနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၀၆၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၂၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၀၆၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၁၁,၄၆၃)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၀၉၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၇,၅၃၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၂-၁၁-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၅၆,၈၈၅) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၄၁,၄၃၂) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု
### (၂၂-၁၁-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၅၆,၈၈၅ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၄၁,၄၃၂ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၂) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၁၀ | ၂၂၀၅ | ၂၂၂၀ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၈၀ | ၂၉၂၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၃၅ | ၂၅၃၅ | ၂၅၀၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၀၅ | ၂၅၁၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၇၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၄၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၅ | ၂၅၉၅ | ၂၆၂၅ | ၂၆၂၅ | ၂၆၃၀ | ၂၈၅၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၅၄၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၅ | ၂၅၉၅ | ၂၆၂၅ | ၂၆၂၅ | ၂၆၃၀ | ၂၈၅၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၇ | ၂၀၅၀ |
| 95 Ron | ၂၀၇၀ | ၂၁၄၄ |
| HSD (500 ppm) | ၂၃၅၇ | ၂၄၃၄ |
| HSD (50 ppm) | ၂၄၃၁ | ၂၅၀၉ |
| HSD (10 ppm) | ၂၄၃၁ | ၂၅၀၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကလောင်ဆိုတာက ဓားသွားထက် ထက်ပါတယ်။ ဒီကလောင်သွားဟာ တိုင်းပြည်နဲ့လူမျိုးအပေါ်ကို စေတနာမှန်မှန်ကန်ကန် တည့်တည့်မတ်မတ်ထားမှသာ တန်ဖိုးရှိမှာဖြစ်ပါတယ်

အကြီးကိုကို (ကသာ)

တွေ့ဆုံမေးမြန်း
ဟိန်းမင်းစိုး၊ သန်းမင်းအောင်၊ အောင်ရဲသွင်
ဓာတ်ပုံ - မျိုးဆက်သစ်

နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးနှင့် မြန်မာစာပေအကျိုးတို့ကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့်အနေဖြင့် ယနေ့တွင် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ခမ်းခမ်းနားနား ကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်တက်ရောက်၍ စာပေဆုများကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ထိုသို့ချီးမြှင့်ပေးအပ်ရာတွင် ဆုရရှိခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များ၏ ရင်တွင်းပီတိစကားသံများကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်။



ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)


ဒေါက်တာမျိုးသန့်တင်


အကြီးကိုကို(ကသာ)


ပန်းတနော်ခင်မောင်မြင့်

**ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)**
**၂၀၂၁ ခုနှစ်**
**အမျိုးသားစာပေတစ်သက်တာဆုရှင်**

ကျွန်တော့်အနေနဲ့ စာပေလောကကို ရောက်ရှိခဲ့တာ နှစ်ပေါင်း ၆၀ ရှိပါပြီ။ ၁၉၆၅ ခုနှစ်ကတည်းက ကဗျာတွေရေးခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော် ၁၉၈၁ ခုနှစ်ကစပြီး ၂၀၁၁ ခုနှစ်အတွင်းမှာ အမျိုးသားစာပေဆု ခုနစ်ကြိမ် ရရှိခဲ့ပါတယ်။ အမျိုးသားစာပေတစ်သက်တာဆုကို မမျှော်လင့်ဘဲ အခုလိုရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်။ နိုင်ငံတော်က စာပေပညာရှင်တွေကို အရေးတယူ ချီးမြှင့်မြှောက်စားပေးနေတာက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေလောကသားတွေရဲ့ စွမ်းအားတွေကို အားကိုးပြီး ယုံကြည်လေးစားမှုနဲ့ အဆင့်ဆင့်သောဘဝတွေကို မြှင့်တင်ပေးနေမှုက အင်မတန်ခွန်အားဖြစ်စေပါတယ်။ ကျွန်တော်တို့ စာပေလောကမှာရှိနေတဲ့ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး ရေးတဲ့သူတွေအားလုံးကလည်း အခုလို စာပေဆုတွေချီးမြှင့်ပေးတဲ့အပေါ်မှာ နိုင်ငံတော်ကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ စာပေလောကမှာရှိတဲ့ ဘာသာရပ်တွေထဲက မိမိတို့စိတ်ဝင်စားတဲ့ ဘယ်ဘာသာရပ်ကိုမဆို စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ပြီး တစိုက်မတ်မတ် ရေးသားပြုစုမယ်ဆိုရင် တစ်နေ့နေ့မှာ အောင်မြင်မှုရနိုင်ပါတယ်။ မြန်မာစာပေကို ချစ်မြတ်နိုးစွာနဲ့ မြန်မာ့ဂန္ထဝင် ကဗျာတွေ၊ မြန်မာ့ရသမြောက် ဝတ္ထုတို၊ ဝတ္ထုရှည်တွေကို ရေးသားကြဖို့ လူငယ်တွေကို တိုက်တွန်းပြောကြားလိုပါတယ်။

**ဒေါက်တာမျိုးသန့်တင်**
**၂၀၂၁ ခုနှစ်**
**အမျိုးသားစာပေတစ်သက်တာဆုရှင်**

အခုရရှိတဲ့ဆုက ကျွန်တော့်ဘဝကြီးနဲ့ရင်းပြီး ရတဲ့ဆုလို့ ပြောလို့ရပါတယ်။ စာပေနဲ့ ပတ်သက်လို့ Ph.D ဘွဲ့ရပြီး မြန်မာနိုင်ငံကို ပြန်လာပြီး စာပေကို သုတေသနလုပ်ဖို့ ကြိုးစားရင်း မြန်မာ့သမိုင်းနဲ့သက်ဆိုင်တဲ့ မြန်မာ့သိပ္ပံသမိုင်းနဲ့ သက်ဆိုင်တာတွေကို ဆောင်ရွက်ဖို့ စိတ်ကူးရတာနဲ့ စပြီး ရှာဖွေပါတယ်။ ကျွန်တော် ရာသီဥတုဖောက်ပြန်မှုကို လျှော့ချပေးနိုင်တဲ့ မီးဖိုကို လုပ်ပါတယ်။ အခု ရာသီဥတုဖောက်ပြန်လို့ တစ်ကမ္ဘာလုံး၊ တစ်နိုင်ငံလုံးမှာ အလွန်ကို ဒုက္ခတွေ ရောက်နေကြပါတယ်။ အဲဒီအတွက် ၂၀၁၃ ခုနှစ်မှာစပြီး ၂၀၁၈ ခုနှစ်မှာ ရာသီဥတု ဖောက်ပြန်မှုလျှော့ချရေးအတွက် ဆောင်ရွက်ဖို့ အဖွဲ့ ဖွဲ့လိုက်ပါတယ်။ နိုင်ငံခြားသားတွေကလည်း အိန္ဒိယနဲ့ ကိုရီးယားကနေ လှမ်းပြီးကူညီပါတယ်။ ဒီမီးဖိုကို နှစ်သန်းအထိ ထုတ်လုပ်လို့ ပြီးပါပြီ။ ကျေးရွာမှာရှိတဲ့သူတွေကို အခမဲ့ပေးပါတယ်။ ဒီဟာက မြန်မာနိုင်ငံအတွက်နဲ့ ကျွန်တော်ရဲ့ သိပ္ပံသမိုင်းပြုစုရင်းနဲ့ လက်တွေ့ဘဝတွေမှာ အကျိုးပြုနိုင်တယ်ဆိုတဲ့ လုပ်ငန်းလေးပါ။ ဒီလုပ်ငန်းလေးကို လုပ်နေရင်းနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အမြင့်ဆုံးဆုဖြစ်တဲ့ အမျိုးသားစာပေတစ်သက်တာဆုကို ရရှိခဲ့ပါတယ်။ အရင်တုန်းကလည်း အမျိုးသားစာပေဆု နှစ်ဆုကိုလည်းရရှိထားပါတယ်။ ကျွန်တော့်တစ်သက်တာလုံးမှာလည်း နိုင်ငံအတွက် ကြိုးစားပြီးဖြစ်လာတော့ ဒီဆုကို ရလိုက်တဲ့အတွက် ဘဝနဲ့ရင်းပြီး ကြိုးစားရကျိုးနပ်ပြီလို့ ခံယူပါတယ်။

**အကြီးကိုကို (ကသာ)**
**၂၀၂၁ ခုနှစ် အမျိုးသားစာပေဆုရှင်**

ကျွန်တော့်အနေနဲ့ အမျိုးသားစာပေဆုပေးပွဲမှာ လူငယ်စာပေဆုယူမှာဖြစ်ပါတယ်။ ကျွန်တော်ဆုရရှိပုံကို ပြောရမယ်ဆိုရင် ကိုဗစ်ရောဂါဖြစ်ပွားနေတဲ့ကာလမှာ တစ်နိုင်ငံလုံး သေခြင်းတရားတွေကို ရင်ဆိုင်ရပြီး ထိတ်လန့်နေကြရပါတယ်။ စိတ်နှလုံး မငြိမ်းချမ်းတဲ့လူတွေကို စိတ်နှလုံးငြိမ်းချမ်းအောင် ဘာလုပ်ပေးရမလဲဆိုပြီး စေတနာအတွေးလေးတစ်ခု တွေးမိပါတယ်။ ဒါကြောင့် လူငယ်စကားဝိုင်းလေးကို စတင်လုပ်ဖြစ်ပါတယ်။ အဲဒီ စကားဝိုင်းတွေကနေ ကောင်းနိုးရာရာမေးခွန်း ၁၀၀ ကိုစုပြီး စာအုပ်လေးလုပ်ဖြစ်ပါတယ်။ ဒီစာအုပ်ဟာ လူတွေအပေါ်မှာထားတဲ့ ကျွန်တော့်ရဲ့ စေတနာတရားဖြစ်ပါတယ်။ ကျွန်တော် ၂၀၁၇ ခုနှစ်မှာ ပခုက္ကူဦးအုံးဖေစာပေဆုကို ရရှိခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်ကတော့ ကျွန်တော့်အတွက် အင်မတန်ကံကောင်းတဲ့နှစ်လို့ ပြောရမှာပါ။ လာအိုနိုင်ငံမှာ သွားယူရမယ့် မဲခေါင်စာပေဆုရရှိပါတယ်။ အခု အမျိုးသားစာပေဆုဖြစ်တဲ့ လူငယ်စာပေဆုရရှိခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူလူထုကို အကျိုးပြုတဲ့စာအုပ်တွေ ရေးနေတာကို နိုင်ငံတော်က အသိအမှတ်ပြုတယ်လို့ခံယူပါတယ်။ အဲဒီအတွက်လည်း ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီထက်ပိုပြောရမယ်ဆိုရင် စာပေမြင့်မှ လူမျိုးတင့်မည်ဆိုတဲ့အတိုင်း စာရေးဆရာတွေရဲ့ လူနေမှုဘဝတွေကိုလည်း နိုင်ငံတော်အစိုးရအနေနဲ့ ဒီထက်ပိုပြီး ပံ့ပိုးမယ်ဆိုရင် နိုင်ငံတော်အနာဂတ်ပန်းတိုင်ကို ချီတက်တဲ့အချိန်မှာ ပိုမိုကောင်းမွန်မယ်လို့လည်း မြင်မိပါတယ်။ နောက်ပြီး စာပေဆုတွေ လုပ်ပေးတဲ့အပြင် အမုန်းတရားပါတဲ့ စာရေးဆရာတွေ၊ လူငယ်တွေအတွက် အကျိုးပြုနေတဲ့ စာရေးဆရာတွေကို လူငယ်တွေနဲ့ တွေ့ဆုံပေးတဲ့ ဟောပြောပွဲမျိုးတွေ ဖန်တီးမယ်ဆိုရင် ပိုပြီးကောင်းမယ်လို့ ပြောချင်ပါတယ်။ ကလောင်ဆိုတာက ဓားသွားထက် ထက်ပါတယ်။ ဒီကလောင်သွားဟာ တိုင်းပြည်နဲ့ လူမျိုးအပေါ်ကို စေတနာမှန်မှန်ကန်ကန် တည့်တည့်မတ်မတ်ထားမှသာ တန်ဖိုးရှိမှာဖြစ်ပါတယ်။ ဒီကလောင်သွားဟာ အမုန်းတရားတွေ အငြိုးတရားတွေ ရှိနေမယ်ဆိုရင် တိုင်းပြည်အတွက် အန္တရာယ်ရှိပါတယ်။ ဒါကြောင့် စာပေပညာရှင်တွေ၊ စာရေးဆရာတွေကို အခုလို ဂုဏ်ပြုတာဟာ နိုင်ငံရဲ့အနာဂတ်အရေးကို အထောက်အကူပြုပြီး ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့အထိဖြစ်လာမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ စာရေးဆရာတွေရဲ့ ကဏ္ဍဟာ နိုင်ငံတော်အတွက် အင်မတန်အရေးကြီးတယ်လို့ မြင်ပါတယ်။ လူငယ်တွေအနေနဲ့လည်း စာပေဖတ်ရှုကြပါလို့ ပြောချင်ပါတယ်။

**ပန်းတနော်ခင်မောင်မြင့်**
**၂၀၂၁ ခုနှစ် အမျိုးသားစာပေဆုရှင်**

ကျွန်တော် အမျိုးသားစာပေဆုရတာကတော့ ရာမည ဆိုတဲ့စာအုပ်နဲ့ ရရှိတာဖြစ်ပါတယ်။ ဒီစာအုပ်ဟာ မွန်လူမျိုးတိုင်းရင်းသားတွေရဲ့ သမိုင်းကြောင်းကို သုတေသနပြုရေးသားထားခြင်း ဖြစ်ပါတယ်။ ရာမညစာအုပ်က လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက မြန်မာနိုင်ငံကို ပထမဦးဆုံး မွန်တိုင်းရင်းသားတွေ ဝင်ရောက်လာပုံ၊ မြန်မာနိုင်ငံအောက်ပိုင်းမှာ မြို့ပြနိုင်ငံတွေ တည်ထောင်ပြီး ကိုယ့်ထီး၊ ကိုယ့်နန်းနဲ့နေခဲ့တဲ့ လူမျိုးတွေဖြစ်ပြီး ဗုဒ္ဓဘာသာ သာသနာ ပထမဦးဆုံးရောက်ရှိတဲ့ နေရာဒေသဖြစ်ပါတယ်။ အဲဒီအချိန်မှာ မွန်ဒေသက တိုင်းရင်းသားတွေအားလုံးက ယဉ်ကျေးပြီးတော့ မြန်မာပြည်မှာ ပထမဦးဆုံး ယဉ်ကျေးမှုကို စတင်တဲ့ လူမျိုးများလို့ သတ်မှတ်တာ တွေ့ရပါတယ်။ အဲဒီအကြောင်းကို သုတေသနပြုပြီး ရေးသားခဲ့ပါတယ်။ ဒါကြောင့် ဒီစာအုပ်ဟာဆိုရင် မျိုးဆက်သစ်လူငယ်တွေအားလုံးက သမိုင်းအထောက်အထားတွေရရှိပြီး မြန်မာနိုင်ငံ သမိုင်းကြောင်းကို မှန်မှန်ကန်ကန် နားလည်ဖို့အတွက် ရေးသားပြုစုထားခြင်းဖြစ်ပါတယ်။ အမျိုးသားစာပေဆုဆိုတာ မြန်မာနိုင်ငံမှာ အမြင့်ဆုံးဆုဖြစ်တဲ့အတွက် ကျွန်တော်တို့ စာရေးဆရာတွေ ဒီဆုကိုရရှိတဲ့အတွက် အားလုံးက အလွန်ဝမ်းသာကြပါတယ်။ နိုင်ငံတော်အနေနဲ့ အမျိုးသားစာပေဆုကြေးတွေကိုလည်း သိန်း ၃၀ အထိ တိုးမြှင့်ပေးလိုက်တဲ့အတွက် စာရေးဆရာတွေအနေနဲ့လည်း များစွာ အထောက်အကူပြုပါတယ်။ အခုလို နိုင်ငံတော်အစိုးရကနေ ချီးမြှင့်တဲ့အတွက် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။

စာမျက်နှာ ၁၇ သို့ ✪

> မြန်မာနိုင်ငံကို ပထမဦးဆုံး မွန်တိုင်းရင်းသားတွေ ဝင်ရောက်လာပုံ၊ မြန်မာနိုင်ငံအောက်ပိုင်းမှာ မြို့ပြနိုင်ငံတွေ တည်ထောင်ပြီး ကိုယ့်ထီး၊ ကိုယ့်နန်းနဲ့နေခဲ့တဲ့ လူမျိုးတွေဖြစ်ပြီး ဗုဒ္ဓဘာသာ သာသနာ ပထမဦးဆုံး ရောက်ရှိတဲ့ နေရာဒေသဖြစ်ပါတယ်။ အဲဒီအချိန်မှာ မွန်ဒေသက တိုင်းရင်းသားတွေအားလုံးက ယဉ်ကျေးပြီးတော့ မြန်မာပြည်မှာ ပထမဦးဆုံး ယဉ်ကျေးမှုကို စတင်တဲ့ လူမျိုးများလို့ သတ်မှတ်တာ တွေ့ရပါတယ်။ အဲဒီအကြောင်းကို သုတေသနပြုပြီး ရေးသားခဲ့ပါတယ်

# ပုလောမြို့နယ် ကဒဲကျေးရွာလမ်းဆုံအနီး၌ သံဃာတော်များအပါအဝင် ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်





ပုလောမြို့နယ် ကဒဲကျေးရွာလမ်းဆုံအနီး၌ သံဃာတော်များနှင့် အရပ်သားများ လိုက်ပါလာသည့် ယာဉ် နှစ်စီးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် လူ/ယာဉ်ထိခိုက်ပျက်စီးမှုအား တွေ့မြင်ရစဉ်။



PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ သဘာဝတရားရိပ်သာမှ သံဃာတော်နှစ်ပါး သာသနာ့ဝန်ထမ်း သီလရှင် သုံးပါး၊ ဒါယကာ၊ ဒါယိကာမ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး လေးဦး၊ စုစုပေါင်း ၁၆ ဦးတို့ လိုက်ပါလာသည့် မော်တော်ယာဉ် အမျိုး အစား Hi Ace မော်တော်ယာဉ်အမှတ်၊ 2K/-----နှင့် မော်တော်ယာဉ် အမှတ်၊ SN/----နှစ်စီးအား နိုဝင်ဘာ ၂၂ ရက် ည ၉ နာရီခွဲခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကဒဲကျေးရွာလမ်းဆုံအနီးသို့ အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ၎င်းမော်တော်ယာဉ် နှစ်စီးသည် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ကော့သောင်းမြို့မှ ထားဝယ်မြို့သို့ ထွက်ခွာခဲ့ရာ ည ၉ နာရီခွဲခန့်တွင် ပုလောမြို့နယ် ကဒဲကျေးရွာလမ်းဆုံအနီးသို့ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လမ်း၏ယာဘက် မီတာ ၂၀၀ ခန့်အကွာမှ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် မော်တော်ယာဉ်တစ်စီးမှာ လမ်းဘေးသို့ ထိုးကျခဲ့ပြီး ကျန်တစ်စီးမှာ ရပ်တန့်သွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် သံဃာတော် ဘဒ္ဒန္တဇနက (၂၅)နှစ်သည် ဦးခေါင်းတွင် ကျည်ဖောက်ဝင်ဒဏ်ရာများရရှိခဲ့ပြီး ပျံလွန်တော်မူခဲ့ကြောင်း၊ ဒေါ်အေးသီတာလွင်၊ ဦးနန်းဦးနှင့် ဦးသက်အောင်ဇော်တို့တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြသည်။

ယင်းနောက် PDF အမည်ခံအကြမ်းဖက်သမားများက ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် ၎င်းတို့အားလုံးအား မော်တော်ယာဉ်ဖြင့် ကဒဲကျေးရွာဘုန်းတော်ကြီးကျောင်းသို့ ခေါ်ဆောင်သွားခဲ့ပြီး ဖြစ်စဉ်တွင် ပျံလွန်တော်မူခဲ့သည့် သံဃာတော်အား ယနေ့နံနက် ၈ နာရီခန့်တွင် ကဒဲကျေးရွာသင်္ချိုင်း၌ မြေမြှုပ်သင်္ဂြိုလ်ခဲ့ကာ ဖမ်းဆီးခံခဲ့ရသူများအား မွန်းလွဲပိုင်းတွင် ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သူများအား ထားဝယ်မြို့သို့ ပို့ဆောင်၍ နယ်မြေခံ တပ်မတော်ဆေးရုံမှ တာဝန်ရှိသူများက လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

❂ စာမျက်နှာ ၁၆ မှ

**မင်းခိုက်စိုးစန်**

**၂၀၂၁ ခုနှစ် အမျိုးသားစာပေဆုရှင်**

ကိုဗစ်ကာလ အိမ်တွင်းအောင်းနေရတဲ့အချိန်မှာ ဝတ္ထုတိုလေးတွေ ရေးဖြစ်ပါတယ်။ အဲဒီဝတ္ထုတိုလေးတွေကို စုစည်းပြီး ဂျစ်ကန်ကန် ဝတ္ထုတိုများဆိုပြီးတော့ နာမည်ပေးခဲ့ပါတယ်။ နာမည်ပေးရတာကလည်း အဲဒီထဲမှာပါတဲ့ ဝတ္ထုတစ်ပုဒ်ရဲ့ ခေါင်းစဉ်မှာပါတဲ့ ဂျစ်ကန်ကန် ဆရာဝန်ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးသားဖြစ်တဲ့ ဝတ္ထုတိုတစ်ပုဒ်ကြောင့်ပါ။ အဲဒီစာအုပ်ကို ရေးသားပြီး ကိုဗစ်ကာလအလွန်မှာ ထုတ်ဝေဖြစ်ခဲ့ပါတယ်။ အခုဆုရရှိခဲ့တာ ဒီစာအုပ်ပဲ ဖြစ်ပါတယ်။ အခုအသက်အရွယ်မှာ ပျော်စရာတွေ၊ ဝမ်းနည်းစရာတွေ၊ အောင်မြင်တာတွေ၊ ကျရှုံးတာတွေ အရာအားလုံးကို ဖြတ်သန်းပြီးတဲ့အခါမှာ ဘယ်လိုအရာမျိုးမဆို အားလုံးဟာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ လာတယ်ဆိုပေမယ့် ခေါင်းစဉ်က တစ်ခုတည်းပဲဆိုတာကို နားလည်သွားပါပြီ။ အဲဒီခေါင်းစဉ်က ဘာလဲဆိုတော့ လောကဓံပါပဲ။ ပျော်စရာလည်း လောကဓံပါပဲ၊ ဝမ်းနည်းစရာလည်း လောကဓံပါပဲ၊ အောင်မြင်တယ် ဆိုတာကလည်း လောကဓံပါပဲ၊ ကျရှုံးတယ်ဆိုတာကလည်း လောကဓံပါပဲ၊ ကျွန်တော်တို့အားလုံး ဖြတ်သန်းခဲ့ရတာ လောကဓံပါပဲ ဒီလိုပဲခံစားရပါတယ်။

**ရေနံ့သာ မောင်ကျော်ညွန့်**

**၂၀၂၁ ခုနှစ် စာပေဗိမာန် စာမူဆုရှင်**

ကျွန်တော်က ၂၀၂၁ ခုနှစ် စာပေဗိမာန်စာမူဆုကို "ရေအဆန်လေထန်ကြမ်းပေမယ့် ကမ်းရောက်ခဲ့ပြီ" စာမူနဲ့ လူငယ်စာပေ ဒုတိယဆုရခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတာက ကျောင်းပေါ့။ သင်ယူခဲ့ရတဲ့ ကျောင်းသင်ခန်းစာတွေက ဘဝအတွက် သင်ခန်းစာတွေ အများကြီးပါပါတယ်။ ကျောင်းသင်ခန်းစာကို အခြေပြုပြီးတော့မှ "ရေအဆန်လေထန်ကြမ်းပေမယ့် ကမ်းရောက်ခဲ့ပြီ" ဆိုတဲ့ လူငယ်ဝတ္ထုပေါင်းချုပ်ကို ရေးခဲ့တာဖြစ်ပါတယ်။




မင်းခိုက်စိုးစန်




ရေနံ့သာမောင်ကျော်ညွန့်



ရန်အောင်(အနုပညာရှင်)


အခုလို ဆုရရှိတဲ့အတွက် အင်မတန်ပျော်ရွှင်ရပါတယ်။ ဒီဝတ္ထုရဲ့ ဇာတ်လမ်းကတော့ ကျွန်တော်တို့ရဲ့ ငယ်ဆရာ မူလတန်းပြဆရာကြီး ဦးသာအေး ကျေးဇူးနဲ့ သင်ကြားပေးခဲ့တဲ့ပုံရိပ်တွေကို ပြန်ပြီးတော့ စာတစ်အုပ်အဖြစ် ဖန်တီးခွင့်ရပါတယ်။ ဆရာကြီးကိုလည်း ကျေးဇူးဆပ်ရာရောက်ပါတယ်။ နောက်ပြီးတော့ မျိုးဆက်သစ်လူငယ်တွေ ရေးတုန်းက ဆရာကြီးတွေ ဘယ်လိုမျိုး သင်ခဲ့သလဲ၊ သင်တဲ့အခါမှာလည်း ဘယ်လောက်အထိ ထိရောက်သလဲဆိုတာကို ဒီစာအုပ်မှာ မီးမောင်းထိုးပြထားတာ ဖြစ်ပါတယ်။ ဆိုလိုချင်တဲ့ သဘောကတော့ ကျောင်းသင်ခန်းစာက ဘဝသင်ခန်းစာဖြစ်တယ် ဆိုတာကို ဒီစာအုပ်ထဲမှာ ရေးသားထားတာဖြစ်ပါတယ်။

**ရန်အောင် (အနုပညာရှင်)**

ချီးကျူးထိုက်တဲ့သူကို ချီးကျူးတယ်၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုတယ်ဆိုတာ အင်မတန် မင်္ဂလာရှိပါတယ်။ ဒီနေ့ဆိုရင် စာပေဗိမာန် ဆုချီးမြှင့်ပွဲမှာ တစ်သက်တာဆု၊ စာပေနဲ့ပတ်သက်တဲ့ ဂုဏ်ပြုတဲ့ဆုတွေဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ် စာပေပညာရှင်တွေက လိုချင်ကြမှာပါ။ ကျွန်တော်တို့ အနုပညာရှင်တွေဆိုရင်လည်း အကယ်ဒမီဆိုရင် လိုချင်ကြသလိုပါပဲ။ ဆုရရှိတဲ့သူတွေအတွက် ကျွန်တော်တို့ ဂုဏ်ယူပါတယ်။ ကျွန်တော်တို့က စာမရေးနိုင်တဲ့အတွက် တော်တော်အားကျရပါတယ်။ ဒီပွဲကို တက်ရောက်အားပေးတာကလည်း ကိုယ်မလုပ်နိုင်တဲ့ အလုပ်တစ်ခုကို နိုင်ငံတော်က ချီးမြှင့်ပေးတာကိုကြည့်ပြီး ပီတိဖြစ်သလို ကြိုးစားချင်စိတ်တွေလည်း ပေါက်ပါတယ်။ ။

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တာမွေမြို့နယ်တို့တွင် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများနှင့် ဓားပြတိုက်လုယက်မှုများ ကျူးလွန်ခဲ့သည့်တရားခံများအား ဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တာမွေမြို့နယ်တို့တွင် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများနှင့် ဓားပြတိုက်လုယက်မှုများ ကျူးလွန်ခဲ့သည့်တရားခံများအား ဖမ်းဆီးရမိမှု အခြေပြဇယား




**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုဝင်ဘာ ၁ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်ရှိ ပုဇွန်တောင်ဘူတာ ဘူတာရုံးခန်းအတွင်းသို့ ပစ္စတိုတစ်လက်ကိုင်ဆောင်ထားသည့် အကြမ်းဖက်သမား ကျားနှစ်ဦး ဝင်ရောက်လာပြီး ဘူတာစာရေး ဦးသိန်းဝင်းထွန်းအား လက်နက်ဖြင့် ခြိမ်းခြောက်ကာ ရုံးခန်းအတွင်းရှိ ဆိုင်ခန်းခကောက်ခံငွေနှင့် ရထားလက်မှတ်ရောင်းရငွေ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ကျော်အား လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

**ဖမ်းဆီးရမိ**

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့က တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းတွင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းဟောင်းရှိ လက်ဖက်ရည်ဆိုင်၌ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်ရှိ ပုဇွန်တောင်ဘူတာ ဘူတာရုံးခန်းအား ဓားပြတိုက်လုယက်ရာတွင် ပါဝင်ခဲ့သည့် သူရိန်ထွန်း(ခ)ဖိုးသား၊ ၎င်းနှင့် တရားမဝင်ပေါင်းသင်းနေသူ အိအိဇော်နှင့် ဝေလင်းအောင်တို့ သုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ သူရိန်ထွန်း(ခ)ဖိုးသား၏ ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဇရောချမ်းသာကွန်ဒို တိုက်အမှတ်(၁၀/ဘီ)(၁၅)လွှာ အခန်းအမှတ် (၂၁၇)၌ ဓားပြတိုက်လုယက်မှုကျူးလွန်ရာတွင် ပါဝင်သည့် ဆက်စပ်တရားခံများဖြစ်သော ရဲရင့်ခန့်နှင့် ထွန်းလင်းအောင်တို့ နှစ်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ထွန်းလင်းအောင်၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် တိုက်အမှတ်(၃၁) အခန်းအမှတ်(၃၀၃)၌ Glock ပစ္စတိုတစ်လက်၊ Sig Sauer ပစ္စတိုတစ်လက်၊ အမျိုးအစား(စိစစ်ဆဲ) ပစ္စတိုတစ်လက်၊ ခြောက်လုံးပြူးတစ်လက်၊ ကျည်အိမ်မျိုးစုံခြောက်ခု၊ ကျည်မျိုးစုံ ၁၅၂ တောင့်၊ အသံတိတ်ပြောင်းတစ်ခု၊ လက်ပစ်ဗုံးမျိုးစုံ ၃၃ လုံး၊ ရှေ့ထွက်မိုင်းတစ်လုံး၊ TNT ယမ်းတောင့် ၁၆ တောင့်၊ ဒီတိုနေတာ အချောင်း ၁၀၀ နှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဓားပြတိုက်လုယက်မှုကျူးလွန်ရာ၌ ပါဝင်ခဲ့သည့် တရားခံ ကျား လေးဦး၊ မ တစ်ဦး ပေါင်း ငါးဦးတို့အား ပစ္စတိုမျိုးစုံသုံးလက်၊ ခြောက်လုံးပြူးတစ်လက်၊ ကျည်အိမ်မျိုးစုံခြောက်ခု၊ ကျည်မျိုးစုံ ၁၅၂ တောင့်၊ အသံတိတ်ပြောင်းတစ်ခု၊ လက်ပစ်ဗုံးမျိုးစုံ ၃၃ လုံး၊ ရှေ့ထွက်မိုင်းတစ်လုံး၊ TNT ယမ်းတောင့် ၁၆ တောင့်၊ ဒီတိုနေတာ အချောင်း ၁၀၀ နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ သူရိန်ထွန်း(ခ)ဖိုးသားနှင့် ရဲရင့်ခန့်တို့ နှစ်ဦးသည် ဖမ်းဆီးရန်ကျန်တရားခံ အားညီ၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် KNLA တပ်မဟာ(၇) လှူပ်ရှားနယ်မြေ၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်းအား တစ်လခန့် တက်ရောက်ခဲ့ကြောင်းနှင့် ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် အသုံးပြုမည့် လက်နက်/ခဲယမ်းများအား ဖမ်းဆီးရန်ကျန်တရားခံ အားညီသည် မြဝတီမြို့မှတစ်ဆင့် သူရိန်ထွန်း(ခ)ဖိုးသားထံသို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဓားပြတိုက်လုယက်မှု ကျူးလွန်ခဲ့**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်မှုဖြစ်စဉ် မဖြစ်ပွားမီ ဘူတာစာရေး သန်းဇော်ဦး(နိုဝင်ဘာ ၁ ရက်တွင် ဖမ်းဆီးရမိ)သည် လက်ဖက်ရည်ဆိုင်သို့ ကြိုတင်သွားရောက်ရှောင်တိမ်းနေခဲ့ပြီး သူရိန်ထွန်း(ခ)ဖိုးသားနှင့် ရဲရင့်ခန့်တို့အား ဖုန်းဆက်၍ ပုဇွန်တောင်ဘူတာ ရုံးခန်း၌ ဘူတာစာရေး ဦးသိန်းဝင်းထွန်း တစ်ဦးတည်းသာ ကျန်ရှိနေခဲ့ပြီး ဝင်ရောက်ဓားပြတိုက်လုယက်ရန် သတင်းပေးခဲ့ကြောင်း၊ သို့ဖြစ်၍ သူရိန်ထွန်း(ခ)ဖိုးသားနှင့် ရဲရင့်ခန့်တို့သည် ပစ္စတိုတစ်လက်ကိုင်ဆောင်ကာ ပုဇွန်တောင်ဘူတာရုံးခန်းအတွင်းသို့ ဝင်ရောက်၍ ဓားပြတိုက်လုယက်မှု ကျူးလွန်ခဲ့ပြီး ထွန်းလင်းအောင်က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် အားညီ၏ ခိုင်းစေမှုဖြင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှု နှစ်ကြိမ်နှင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှုနှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ❖ ၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား သူရိန်ထွန်း(ခ)ဖိုးသားနှင့် ထွန်းလင်းအောင်တို့က လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး၍ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း။
- ❖ ဩဂုတ် ၈ ရက်တွင် တာမွေမြို့နယ် ကျောက်မြောင်းကြီး(အရှေ့) ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ရာအိမ်မှူး ဦးကျော်မင်းဟန်အား သူရိန်ထွန်း (ခ)ဖိုးသားက ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ထွန်းလင်းအောင်က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

**စာမျက်နှာ ၁၉ သို့ ❍**



နိုဝင်ဘာ ၂၂ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် တိုက်အမှတ်(၃၁) အခန်းအမှတ်(၃၀၃)၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။



နိုဝင်ဘာ ၂၂ ရက်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အမှတ်(၉၄) ရပ်ကွက် ယုဇနဥယျာဉ် မြို့တော် တိုက်အမှတ်(၃၁) အခန်းအမှတ် (၃၀၃)၌ သိမ်းဆည်း ရမိခဲ့သည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေး ကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သာယာရပ်ကွက်နေ စွမ်းပြည့်အောင်သည် ၎င်းအသုံးပြုသည့် “Swan Pyai Aung” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ မြို့နယ် ပြည်ကြီးမျက်ရှင် ရပ်ကွက်နေ ခိုင်ခိုင်ထွန်း(ခ) ထွေးထွေးနှင့် ကန်ကောက်ရပ်ကွက်နေ အေးအေးခိုင်တို့သည် ၎င်းတို့အသုံးပြုသည့် “Htwe Htwe” Facebook အကောင့်၊ “Aye Aye Khaing” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျောက်ကာကွင်ကျေးရွာနေ မင်းကျော်သည် ၎င်းအသုံးပြုသည့် “Min Kyaw Thar” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြား စေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများ အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၁၈ မှ


- စက်တင်ဘာ ၁၀ ရက်တွင် တာမွေမြို့နယ် ဖျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် ဗညားဒလလမ်းပေါ်၌ **သူရိန်ထွန်း(ခ)ဖိုးသားနှင့် ထွန်းလင်းအောင်**တို့မှ လက်လုပ်ရီမုမိုင်း တစ်လုံး ဖောက်ခွဲခဲ့ပြီး **ရဲရင့်ခန့်**မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- စက်တင်ဘာ ၁၃ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် အထက်ပုဇွန်တောင်လမ်း ပုဇွန်တောင်မီးရထားဝင်းအတွင်းရှိ သက်သာဆိုင်၌ အပြစ်မဲ့ပြည်သူ ဦးအောင်အောင်အား **သူရိန်ထွန်း(ခ)ဖိုးသား**မှ ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ထွန်းလင်းအောင်**မှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူ တစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် တာမွေမြို့နယ် ဖျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် ဗညားဒလလမ်းပေါ်၌ လက်လုပ်ရီမုမိုင်း တစ်လုံး တွေ့ရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။







မဆုသီရိထွန်း(၁၆)နှစ် (မစိုးရိမ်ရ)

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် အထက်ပုဇွန်တောင်လမ်း ပုဇွန်တောင်မီးရထားဝင်းအတွင်းရှိ သက်သာဆိုင်၌ အပြစ်မဲ့ပြည်သူ တစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု မှတ်တမ်းဓာတ်ပုံ။




ဦးအောင်အောင်(၄၂)နှစ် (စိုးရိမ်ရ)

၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင် တာမွေမြို့နယ် ကျောက်မြောင်းကြီး(အရှေ့)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ရာအိမ်မှူး တစ်ဦးအား အကြမ်းဖက်သူများက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ရာအိမ်မှူး ဦးကျော်မင်းဟန်(၆၆)နှစ် (သေဆုံး)

၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ လက်လုပ်ဗုံးပေါက်ကွဲမှုကြောင့် သေဆုံး/ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





မသင်းသင်းထွေး(၁၈)နှစ် (မစိုးရိမ်ရ)



ဦးချစ်ဖူးအောင် (၃၀)နှစ် (သေဆုံး)

ဝတ္ထုတို

# တံချူတစ်ချောင်း

ခင်ဘုန်းကျော်

မလစ် (မလစ်) ဆိုသော ရွာလေးသည် ရန်ကုန်မြို့နှင့် မဝေးလှသော်လည်း တောသဘာဝ တောစရိုက်ဓလေ့များ လက်ခံထားဆဲဖြစ်သည့် လယ်ကွင်းကျယ်ကျယ်များ ပတ်ဝိုင်းထားသည့်နေရာတွင် သီးပင်စားပင်များဖြင့် အုံ့ဆိုင်းညို့မှိုင်းစွာတည်ရှိနေသည်။ ရွာကို ခွဲပတ်၍ စီးဆင်းနေသောချောင်းကျယ်ကျယ်သည် ရေလမ်းကို အသုံးပြု၍ ခရီးသွားလာလို့ရသည်။ နွေရာသီတွင် လယ်ကွင်းများကို ဖြတ်၍လည်းကောင်း၊ ကန်သင်းရိုးပေါ်မှလျှောက်၍လည်းကောင်း ခြေကျင်သွားလာကြရသည်။ ပို၍စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ချောင်းကမ်းစပ်တွင် ကန်စွန်းရွက်ရိုးနီပင်များ သန်စွမ်းစွာပေါက်ရောက်နေခြင်းပင်ဖြစ်သည်။ လူသွားလူလာနည်းပြီး တိရစ္ဆာန်ရန်မှလည်း ကင်းဝေးသောကြောင့် အရွက်ဖားဖားကြီးများဖြင့် သန်မာထွားကျိုင်းနေသည်မှာ အစိမ်းလိုက်ပင် ဝါးစားချင်စရာကောင်းနေပေသည်။ အချို့က ဟင်းတစ်ခွက်အဖြစ် ခူးယူကြသည်။ အချို့က ရောင်းကုန်ပစ္စည်းအဖြစ် ခူးယူ၍ ဈေးတွင်ရောင်းကြသည်။

ဤကဲ့သို့ ခူးယူသူများထဲတွင် ဒေါ်အေးခင်တို့မြေးအဖွားသုံးယောက်လည်း ပါဝင်ကြသည်။ ညနေဈေးသို့ ပြေးရောင်းလျှင် ပြိုက်ခနဲကုန်တတ်သည်။ ငွေရင်းမရှိသော အမြတ်ရသည့်ဈေးကွက်ပင်။ အမှန်မူ ဒေါ်အေးခင်တွင် မြေးသုံးယောက်ရှိသည်။ ကလေးသုံးယောက်၏မိဘများသည် ကပ်ရောဂါတွင် ရှေ့ဆင့်နောက်ဆင့် ပါသွားကြသည်။ မြေးသုံးယောက်ကို ပြုစုပျိုးထောင်လာခဲ့သည်မှာ အကြီးကောင်ပင် ခုနစ်တန်းအောင်ခဲ့ပြီးနောက် နှစ်နှစ်ကြိုးစားလိုက်လျှင် ဆယ်တန်းအောင်တော့မည်။ ရွာမှာ ဆွဲခန့်ကျောင်းဆရာလေး လုပ်ပြီး ဘွဲ့ရသည်အထိ ကြိုးစားခွင့်ရှိသည်။ အငယ်နှစ်ယောက်ကတော့ ခြောက်တန်းနှင့် ခုနစ်တန်း၊ သူတို့လေးတွေလည်း စာတော်ကြသည်။ ဉာဏ်ကောင်းကြသည်။ လိမ္မာရေးခြားရှိကြသည်။ ဒေါ်အေးခင် ဆူရငေါက်ရသည်ဟူ၍မရှိ။ မြေးသုံးယောက်ကို ပဲပြုတ်သည်၊ ဟင်းရွက်သည် မဖြစ်စေရ။ နံနက်ခင်းပဲပြုတ်နှင့် ဖောက်သည်ယူရောင်းသော အကြော်စုံများ၊ နေ့ခင်းက ကန်စွန်းရွက်ခူးထားပြီး ညနေဈေးသို့အမီ ပြေးရောင်းသည်။ မြေးအကြီးဆုံးက ညနေစာ ထမင်းအိုးတစ်လုံး တည်ထားပြီး ထင်းခွဲထားသည်။ ရေခပ်ထားသည်။ အိမ်သန့်ရှင်းရေးကို တတ်သမျှ မှတ်သမျှ လုပ်ဆောင်ထားတတ်သည်။ အငယ်လေးသည် ဝါးလုံးရှည်တစ်လုံးကို အဖျားဘက်တွင် သံချိတ်ခိုင်အောင်တပ်၍ ဆွဲထွက်လာသည်။ ဒေါ်အေးခင်က "ဟဲ့ ဒါဘာလုပ်ဖို့တုံး"

"ရေလယ်ဘက်ကို ထိုးထွက်နေတဲ့အညွန့်ကြီးတွေကို ဆွဲဖို့အမေ"တဲ့

ဒေါ်အေးခင်က "ငါ့မြေးထက် တံချူကလေးနေပြီကွဲ့" ဟုပြောသော်လည်း အငယ်လေးကတော့ တံချူထမ်း၍ထွက်သွားတော့သည်။ သည်တော့မှ အကြီးကောင်က စကားစသည်၊ "အမေ ဟိုဘက်ရွာက ဆန်စက်ထဲမှာ ဆန်အိတ်၊ စပါးအိတ် သွားထမ်းချင်တယ် အပိုဝင်ငွေရတာပေါ့"

"အမယ်လေး လူလေးရယ် ဖြစ်မှဖြစ်ရလေ ခုအမေရှာကျွေးနေတဲ့ ပိုက်ဆံဟာ လူလေးအတွက် မလုံလောက်ဘူးလား"

"အဲဒါကြောင့် မဟုတ်ဘူးအမေ အမေ့ကို နားစေချင်တာ"

"အမေ နေကောင်းတယ် ကျန်းမာတယ်လေ ဆယ်တန်းအောင်အောင်တော့ တတ်လိုက်ပါမြေးရယ် အမေ့စကားနားထောင်နော်"

ဒေါ်အေးခင် စိတ်ထိခိုက်သွားသည်ကိုသိသော အကြီးကောင်ကြီးမှာလည်း စိတ်မကောင်းဖြစ်သွားရသည်။

"အမေစိတ်မကောင်းမဖြစ်နဲ့နော် သားဆယ်တန်းအောင်အောင် တက်မယ်"

"အငယ်နှစ်ယောက်လည်း အမေကျန်းမာအသက်ရှင်နေသရွေ့ ပညာတတ်တွေဖြစ်စေရမယ်" အကြီးကောင် ဘာမှမပြောတော့။

x x x

အငယ်လေးသည် သံချိတ်တပ်ထားသော တံချူဝါးလုံးကို ဆွဲထုတ်လာသည်။ ရှေ့ဆုံးမှ ခပ်သွက်သွက်ထွက်သွားသည်။ မြေးအလတ်နှင့် ဒေါ်အေးခင်မှာ နောက်မှဖြည်းဖြည်းချင်းလိုက်သွားကြသည်။ အကြီးကောင်ကြီးက ထုံးစံအတိုင်း အိမ်မှာကျန်ခဲ့သည်။ ကမ်းစပ်ရောက်တော့ အငယ်လေးတစ်ယောက် ရေလယ်သို့ ထိုးထွက်နေသောကန်စွန်းညွန့်ကြီးများကို တံချူမှသံချိတ်ကို အသုံးပြု၍ဆွဲယူနေသည်။ အလတ်ကောင်နှင့် အငယ်ကောင်တို့ ခူးထားသောကန်စွန်းညွန့်များကို ဒေါ်အေးခင်က တစ်နေရာတည်းဖြစ်ရန် လိုက်စုနေသည်။ လက်လှမ်းမီသမျှ ကန်စွန်းညွန့်များကိုလည်း ချိုးယူနေသည်။ တစ်ဖက်ကမ်းမှ နွားကျောင်းနေသော ဖိုးလုံးကိုလည်း လှမ်း၍ကြည့်ဖြစ်သည်။

ကောင်းကင်ပြင်တွင် တိမ်ညိုများမည်းမှောင်လာပြီး ရာသီဥတုမှာလည်း ရုတ်ချည်း အအေးပိုလာတော့၏။ လေကြမ်းကြမ်းတိုက်လာပြီး ရေတက်လည်း ကြမ်းလာသည်။ သဲကြီးမဲကြီးရွာတော့မည်ကို သိသည်။ "ငယ်လေးလာတော့" ဟု အစ်ကိုလုပ်သူက လှမ်းခေါ်သည်။ အစ်ကို၏ခေါ်သံကြောင့် လှည့်ကြည့်လိုက်သည်တွင် တံချူဝါးသည် လက်ထဲမှ လွတ်ထွက်သွားပြီး ရေစီးထဲ လျင်မြန်စွာမျောပါသွားတော့၏။ ငယ်လေး လိုက်ဆွဲသော်လည်း မမီတော့ မီလုမီခင်ဖြစ်လိုက် ရွေ့သွားလိုက်နှင့် တံချူဝါးကို မမီတမီဖြစ်နေသည်။ ရှေ့သို့အားပြု၍ လှမ်းဆွဲလိုက်သည်တွင် ခြေတစ်ဖက်သည် အနိမ့်ဘက်သို့ နစ်ဝင်သွားပြီး အရှိန်လွန်၍ တစ်ကိုယ်လုံးမြုပ်သွားတော့သည်။ အငယ်လေးနစ်ဝင်သွားပြီး ပြန်ပေါ်လာသောအခါ ရေကူးတတ်သောအလတ်ကောင်က ရေကူး၍ အငယ်လေးကို ဆယ်ယူရန်ကြိုးစားသည်။ လက်ဝါးနှစ်ဖက်ကို ပူး၍ ဆုတ်လိုက်ပြီး ငယ်လေး၏ဇက်ပိုးကို အားဖြင့်ရိုက်ချလိုက်သည်။ အငယ်လေးက အစ်ကိုကို အမိအရလိုက်ဖက်နေသည်။ ဒုတိယအကြိမ် နားရင်းဆီသို့ အားကုန်ရိုက်လိုက်သောအခါ အသက်ချင်းက သုံးနှစ်သာကွာပြီး အရပ်အမောင်းအလုံးအထည် တူညီနေသည့်အပြင် အငယ်လေးက ပို၍အင်အားပြည့်ဝနေခြင်းကြောင့် ထင်သလိုဖြစ်မလာဘဲ အငယ်လေး၏ ကြောက်လန့်တကြား ဖက်ထားခြင်းကို ခံလိုက်ရသည်။ အလတ်ကောင်သည် အငယ်လေးလက်ကို ဖယ်ထုတ်ရန်းကန်ရင်း လူချင်းခွာမရတော့ လက်တစ်ဖက်သာလွတ်မြောက်၍ အပေါ်သို့ မြှောက်တင်ထားနိုင်ခဲ့သည်။ အငယ်လေးသည် လက်နှစ်ဖက်ဖြင့် အားကုန်ဖက်ထားရုံမျှမက လည်ပင်းကို သိုင်းဖက်ထားသည်။ အလတ်ကောင် လှုပ်၍မရဘဲ နှစ်ယောက်စလုံး ပြန်လည်နစ်မြုပ်သွားတော့၏။

သည်တော့မှ ငေးကြည့်နေသော ဒေါ်အေးခင်သည် သတိဝင်လာပြီး "ကျုပ်မြေးလေးတွေ ရေနစ်နေလို့တော် လာကြပါဦး ကယ်ကြပါဦး" ဟု အော်ခေါ်ရင်း ရွာခြေဆီသို့ပြေးနေတော့၏။ နွားများပြန်သိမ်းလာသော နွားကျောင်းသားလေး ဖိုးလုံးကလည်း ရွာခြေဆီသို့ ပြေး၍အော်ခေါ်နေသည်။ ဖိုးလုံးအသံကြားတော့မှ ရွာမှ လူကြီးလူငယ်များထွက်လာပြီး ရေကျွမ်းကျင်သူကရေငုပ်၍လည်းကောင်း၊ ရေကူး၍လည်းကောင်း ဝိုင်းဝန်းရှာဖွေပါသော်လည်း မတွေ့ဖြစ်နေသည်။ ဒေါ်အေးခင်ကတော့ ငိုလို့သာနေသည်။ အကြီးကောင်ရောက်လာတော့ "မင်းအမေနားမှာနေပါ ငါတို့ရှာပေးပါမယ် ဒီအတိုင်းသာဆို ပွဲပေးရလိမ့်မယ်" ဟုပြောသည်။ "ကဲ နေနည်းနေပြီ မိုးရွာလိမ့်ဦးမယ် ပြန်စို့"

x x x

နောက်တစ်နေ့နံနက်စောစောတွင် အကြီးကောင်က ပွဲပြင်၍ ချောင်းစပ်သို့လာနေသည်။ ရွာသူရွာသား ဆယ့်လေးငါးယောက်ပါလာသည်။ ကျောင်းထိုင်ဆရာတော်ပါ ပါလာသည်။ ဒေါ်အေးခင်သာ တစ်ညလုံးမအိပ်နိုင်။ ငိုထားခြင်းကြောင့်လည်း အားလျော့လျက်ရှိခြင်းကြောင့် ယိုင်တိယိုင်နဲ့နှင့် လိုက်ပါလာသည်။ ဆရာတော်က "ကဲ ဒကာကြီးတို့ ငါးဖမ်းပိုက်ကို အောက်ခြေထိချပြီး ပိုက်စိပ်တိုက်ကြ ဟိုတံတားအောက်ခြေထိ ရောက်အောင်ဆွဲထား" ဆရာတော်၏မိန့်ကြားချက်အဆုံးတွင် သန်မာသောလူကြီးနှစ်ယောက်နှင့် လူလတ်ပိုင်းသုံးယောက်တို့ ငါးဖမ်းပိုက်ကို အောက်ခြေထိချ၍ ပိုက်ဆွဲကြတော့သည်။ မိုးက ရွာချလာပြန်သည်။ သဲကြီးမဲကြီးတော့ မဟုတ်။ ချောင်းရေက ပြန်တက်လာပြန်သည်။ ပိုက်ဆွဲသူများသည် အထက်သို့ဆန်တက်၍ ပိုက်ဆွဲသွားကြသည်။ ရေငုပ်ကျွမ်းကျင်သူများကလည်း ရေငုပ်၍ရှာကြသည်။ ဒုတိယအကြိမ် ရေစီးရာဘက်သို့ ပြန်ဆွဲလာသည်။ တံတားကိုကျော်၍ ဆွဲမရတော့ "ဒကာတို့ တံတားတိုင်ခြေတွေဆီမှာ စမ်းကြည့်ကြစမ်းပါ"ဟု အမိန့်ရှိပြန်သည်။ ပိုက်ဆွဲသူများသာမကဘဲ ရေငုပ်ကျွမ်းကျင်သူများပါ ရေငုပ်၍စမ်းကြရှာဖွေကြသည်။

"ဟောတွေ့ပြီဟေ့ တံတားအလယ်တိုင်ကို ဖက်ထားတယ်" "ဆွဲဖြုတ်ပြီး ပိုက်ထဲထည့်လိုက်ကွာ" ရှိသမျှအင်အားကိုသုံး၍ တံတားတိုင်အား ဖက်တွယ်ထားသောလက်များနှင့်ခြေများကို အတင်းအဓမ္မဆွဲဖြုတ်နေရပါသည်။ သူတို့နှစ်ယောက်လုံးကို နိုင်မှာမဟုတ်ဘူး။ ပိုက်ထဲကိုထည့်လိုက်ဟု ပြောသောကြောင့် ပိုက်ထဲသို့ထည့်လိုက်သည်။ ပိုက်၏အနားနှစ်ဖက်ကို သေချာစွာစုကိုင်၍ လူကြီးလေးယောက် မနည်းကြီးမတင်လာရသည်။ ဒေါ်အေးခင်မှာ အသံပင်မထွက်တော့ ရှိုက်ငို၍သာနေတော့သည်။ အကြီးကောင်မှာလည်း အသံမထွက်မျက်ရည်သုတ်၍သာနေသည်။

သည်အဖြစ်များကို ဝါးတံချူလေး သိနိုင်မည်မဟုတ်။ ရေစီးလိုက်၍ ဘယ်အရပ်ဘယ်ဒေသအထိ မျောပါနေမည်မသိ။ မလစ်ရွာ မဏ်ချောင်းနှင့် ဝါးတံချူလေး၏အတ္ထုပ္ပတ္တိကတော့ ရွာသူရွာသားများအတွက်မမေ့နိုင်သော ပြောစရာစကားများဖြစ်လို့နေသည်။ ။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ရှေးရိုးဆန်သည့် အဲန်လူမျိုးများ

အောင်ဇင်မြင့် (ပြန်/ဆက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအုပ်စု တောင်ပေါ်ဒေသရှိ နမ့်လင်းမိုင်ကျေးရွာမှာ အဲန်လူမျိုးအများစုနေထိုင်ကြပါတယ်။ အဲန်လူမျိုးတွေဟာ အနက်ရောင်ဝတ်စုံကိုသာ ကိုယ်တိုင်ဖန်တီးရက်လုပ်ပြီး ရှေးရိုးဆန်ဆန်ဝတ်ဆင်ကြကာ သွားမည်းမှလှတယ်လို့ ယူဆကြတဲ့အတွက် သူတို့ရဲ့သွားတွေကို မည်းနေအောင် ပြုလုပ်ထားကြပါတယ်။ အမျိုးသားအများစုက ဆံပင်ရှည်ကြီးတွေနဲ့ ရှေးရိုးဆန်စွာမြင်တွေ့ရပြီး အဲန်လူမျိုးတွေရဲ့ ရှေးကျတဲ့နေထိုင်မှုပုံစံတွေကို ထူးခြားစွာတွေ့မြင်ရ၍ နိုင်ငံခြားသားခရီးသွားတွေကို အဓိကဆွဲဆောင်နေပါတယ်။

သူတို့ရဲ့သွားတွေကို မည်းအောင် မိုက်ကော်သစ်ပင်မှ အခေါက်ကို အဆီရရှိအောင်မှိုင်းတိုက်ပြီး သွားတွေကို သူတို့ရဲ့အသက် (၁၂)၊ (၁၃) နှစ် အရွယ်မှာကတည်းက စတင်သုတ်လိမ်းကြပြီး သစ်ရွက်ခြောက်၊ ဆေးနီသစ်ခေါက်ကိုအခွံခွာ၍ ကွမ်းယာကဲ့သို့ အမြဲတစ်စေဝါးလေ့ရှိပါတယ်။ အမျိုးသား အမျိုးသမီးအားလုံး နားပေါက်ဖောက်ကြကာ သူတို့ရဲ့ရိုးရာပွဲနေ့တွေမှာ ပန်းတွေထည့်ပန်ကြပြီး ငွေလက်ကောက်တွေအမြဲဝတ်ဆင်ကာ ဖိနပ်လည်း စီးလေ့မရှိတဲ့ သူတို့ရဲ့ လူနေမှုပုံစံတွေက စိတ်ဝင်စားဖို့ကောင်းလှပါတယ်။

အဲန်လူမျိုးတွေဟာ တောင်ယာစပါး၊ သီးနှံစိုက်ပျိုးခြင်း၊ မွေးမြူရေးနဲ့ အမဲလိုက်ခြင်းတို့ကို အဓိကလုပ်ကိုင်ရပ်တည်နေထိုင်ကာ မိရိုးဖလာနတ်ကိုးကွယ်ကြတဲ့ လူမျိုးစုတစ်စုဖြစ်ပြီး သီသန့်နေထိုင်ရာ



ကမ္ဘာလေးကဲ့သို့တွေ့မြင်ရပါတယ်။ အဲန်လူမျိုးတွေဟာ တောစောင့်နတ်၊ တောင်စောင့်နတ်နဲ့ သေဆုံးသွားတဲ့ ဘိုးဘေးနတ်တွေကို ကိုးကွယ်ယုံကြည်ကြပါတယ်။ ရိုးရာနတ်ပွဲကို ဆောင်းအကုန်နွေအကူးကာလမှာ အမဲလိုက်ကြပြီး ရရှိလာတဲ့သားကောင်နဲ့ ပူဇော်ပွဲပြုလုပ်ကြပါတယ်။ ရွာထဲမှာ လူမျိုးတွေရဲ့ရိုးရာနတ်စင်တစ်စင်ကို တွေ့ရှိရမှာဖြစ်ပြီး ရွာရဲ့နတ်ဆရာအိမ်မှာ သူတို့ပူဇော်နေတဲ့ နတ်ကိုခေါ်ဖို့ ဗုံကြီးတစ်လုံးရှိပါတယ်။ အဲဒီဗုံကြီးကို ရိုးရာနတ်ပူဇော်ပွဲမှာ အမျိုးသားတွေသာ တီးကြရပြီး ဗုံတီးပူဇော်ခြင်းဖြင့် ရွာထဲကို မကောင်းဆိုးရွားတွေ မဝင်ရောက်နိုင်ကြောင်း၊ ရန်သူတွေက သူတို့ကိုမတွန်းလှန်နိုင်ကြောင်းနဲ့ ဆန်ရေစပါးပေါကြွယ်ဝကြောင်း ယုံကြည်ကြပါတယ်။

အဲန်လူမျိုးတွေဟာ အဲန်ကိုယ်ပိုင်ဘာသာစကားနဲ့ ရှမ်းဘာသာစကားကို အဓိကပြောဆိုကြပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ အဲန်ရွာစုစုပေါင်း ၄၀ မှာ ၂၀၁၇ ခုနှစ် လူဦးရေစာရင်းအရ လူဦးရေ ၃၆၀၀ နီးပါးခန့်ရှိတယ်လို့ သိရပါတယ်။

အဲန်လူမျိုးတွေဟာ ရှမ်းတိုင်းရင်းသားလူမျိုးနွယ်ဝင်အုပ်စုတစ်စုဖြစ်ပြီး မြန်မာတိုင်းရင်းသား ၁၃၅ မျိုးမှာ စာရင်းဝင်ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအုပ်စုမှာ အဲန်လူမျိုးတွေနေထိုင်တဲ့ နမ့်လင်မိုင်၊ နမ့်လင်းကောင်၊ ပါးလို့၊ ပါကျော့၊ ပန်လေ၊ ဝမ်နောင်၊ တပ်ထပ်၊ ဝခါးစတဲ့ ကျေးရွာ ခုနစ်ရွာရှိပြီး မိုင်းလန်းကျေးရွာအုပ်စုမှာ တစ်ရွာ၊ မိုင်းခတ်မြို့နယ်မှာ ၁၃ ရွာ မိုင်းဖြတ်မြို့နယ်မှ လေးရွာတွေ့ရှိရပါတယ်။

ယခုအခါမှာ အဲန်လူမျိုးအများစုနေထိုင်ရာရွာလေးကိုတော့ အစိုးရက ကျောင်းတွေ၊ ဆေးပေးခန်းတွေ ဆောင်ရွက်ပေးထားပြီဖြစ်ပေမယ့် ရှေးရိုးရာလူနေထိုင်မှုကတော့ ကျန်ရှိနေဆဲဖြစ်ပါတယ်။

ဘဝကို ရိုးရှင်းစွာဖြတ်သန်းနေထိုင်ကြတဲ့ အဲန်လူမျိုးတွေရဲ့ အလေ့အထကတော့ လေ့လာဖို့ကောင်းတဲ့အတွက် ကျိုင်းတုံဒေသကို အရောက်သွားဖို့ ဖိတ်ခေါ်ရေးသားလိုက်ရပါတယ်။ ။

■

# ရှေးခေတ်ရှမ်းတိုင်းရင်းသားပုံပြင်များ

ပါမောက္ခဒေါက်တာခင်ရီဝင်း

### အိုက်ပစ်နှင့်အိုက်မွန်

တစ်ခါက ရွာလေးတစ်ရွာတွင် အိုက်ပစ်နှင့် အိုက်မွန် အမည်ရှိ ညီအစ်ကိုနှစ်ဦးသည် မုဆိုးမမိခင်ကြီးနှင့်အတူ နေထိုင်ကြသည်။

သူတို့၏မိခင်သည် မကျန်းမမာဖြစ်နေသည်။ ထို့ကြောင့် သားကြီးဖြစ်သူ အိုက်ပစ်သည် မိခင်ကြီးအတွက် ဆေးဆရာ ရှာဖွေရန်ထွက်သွားလေသည်။ သူသည် တောအတွင်း၌ လိပ်ပြာတစ်ကောင်ကိုတွေ့သဖြင့် ဆေးဆရာအမှတ်ဖြင့် အိမ်သို့ဖမ်းယူလာလေသည်။

"သူက သိပ်ပြီးသေးငယ်လွန်းတယ်။ သူ့ကို မယုံကြည်ဘူး။ ပြန်လွှတ်လိုက်ပါ" ဟု ညီငယ်ဖြစ်သူက အိမ်သို့ရောက်လာသည့် လိပ်ပြာအားကြည့်၍ပြောသည်။ အစ်ကိုဖြစ်သူက ညီငယ်ပြောသည့်အတိုင်း လိပ်ပြာကို တောအတွင်းသို့ ပြန်လွှတ်ကာ ဖားတစ်ကောင်ကို ဖမ်းခဲ့ပြန်သည်။ ညီငယ်ဖြစ်သူ အိုက်မွန်ကလည်း ယခင်နည်းအတိုင်းပင်ပြောကာ ဖားကိုပြန်လွှတ်စေပြန်သည်။

ထို့နောက် အိုက်မွန်သည် သူကိုယ်တိုင် တောသို့သွားကာ မျောက်တစ်ကောင်ကို ဖမ်းလာသည်။ ထိုမျောက်ကိုလည်း ရှေးနည်းအတိုင်းပင်ပြောကာ ပြန်လွှတ်ပြန်သည်။

နောက်ဆုံးတွင် အိုက်မွန်သည် တောတွင်းမှ ဘီလူးတစ်ကောင်ကို ဖမ်းလာသည်။

"ဟာ ဘာကြီးလဲ၊ ဘာကြီးလဲ၊ ဘာကောင်ကြီးလဲ"

သူတို့၏မိခင်ကြီးသည် ဘီလူးကိုမြင်သောအခါ ကြောက်လန့်တကြားအော်ဟစ်လေသည်။ ညီအစ်ကိုနှစ်ဦးလည်း ဘီလူးကို ကြောက်ရွံ့ကြသဖြင့် ထွက်ပြေးကာ ပုန်းအောင်းနေတော့၏။ ဘီလူးသည် သူတို့၏ မိခင်ကြီးကို စားပစ်လိုက်လေတော့သည်။

ဘီလူးသည် သူတို့ညီအစ်ကိုနှစ်ဦးကို ခြေရာခံ၍ လိုက်ရှာလေသည်။ မကြာမီ ဘီလူးသည် မောပန်းလာသဖြင့် လမ်းတွင်တွေ့သော



ကြိတ်ဆုံကြီးတစ်ခုပေါ်တွင်ထိုင်ကာ အပန်းဖြေနေလေသည်။ ထိုကြိတ်ဆုံကြီး၏နောက်တွင် အိုက်မွန်တို့ညီအစ်ကို ပုန်းအောင်းနေကြသည်။ သူတို့သည် ဘီလူးကတွေ့မည်စိုးရိမ်သဖြင့် အသံပင် မထွက်ရဲကြပေ။

ထိုသို့ရှိစဉ် ညီငယ်အိုက်မွန်သည် ဘီလူး၏ကိုယ်ပေါ်မှ အမွေးများကို ဆွဲနုတ်လိုစိတ်ပေါ်လာသည်။ အစ်ကိုဖြစ်သူက တားသော်လည်းမရပေ။

နောက်ဆုံးတွင် အစ်ကိုဖြစ်သူက ဘီလူးကိုယ်ပေါ်ရှိ အမွေးတစ်ပင်ကို အလျင်အမြန်နုတ်ရန် ခွင့်ပြုလိုက်သည်။ ခွင့်ပြုချက်ရသည်နှင့် အိုက်မွန်သည် ဘီလူး၏ကိုယ်ပေါ်မှ အမွေးများကို လက်တစ်ဆုပ်စာ ခန့်မျှ ဆွဲနုတ်လိုက်လေသည်။

"အောင်မယ်လေး၊ နာလိုက်တာ နာလိုက်တာ"

ဘီလူးသည် နာကျင်လှသဖြင့် အသံကုန်အော်ဟစ်ကာ ထွက်ပြေးသွားလေသည်။ ညီအစ်ကိုနှစ်ဦးသည် ကြိတ်ဆုံအနီးမှ ထွက်ခွာလာရာ တောထဲသို့ရောက်သွားလေသည်။ တောထဲတွင် လေးပစ်တော်သော မုဆိုးတစ်ဦးနှင့်တွေ့ရသည်။

"မိုက်ရိုင်းရက်စက်တဲ့ လူသားစားဘီလူးကို နှိမ်နင်းပေးပါလား မုဆိုးကြီးရယ်"

အိုက်မွန်တို့ညီအစ်ကိုက မုဆိုးကြီးအား အကြောင်းစုံကို ပြောပြပြီး ဘီလူးကို နှိမ်နင်းပေးရန်တောင်းဆိုသည်။ ထို့နောက်တွင် မုဆိုး၏လက်ချက်ဖြင့် ဘီလူးကြီးသေဆုံးသွားရသည်။

ဘီလူး၏အသားများကို နုပ်နုပ်စဉ်းကာ ဆားစိမ်သည်။ ဦးခေါင်းပိုင်းနှင့် လက်များကိုမူ ခြင်းတစ်ခုထဲတွင်ထည့်ကာ ရောင်းချစေသည်။ ထိုအသားများကို ဘီလူးမကြီးက ဝယ်ယူမိသွားသည်။ ထိုအခါ ဘီလူးမကြီးက ဘီလူးကြီးသေဆုံးကြောင်း သိသွားတော့သည်။

ထို့ကြောင့် အိုက်မွန်တို့ညီအစ်ကိုကို လက်စားချေရန်ကြံစည်လေသည်။

သို့သော် မုဆိုးကြီးရောက်လာပြီး ကူညီတိုက်ခိုက်ပေးသဖြင့် ဘီလူးမကြီးလည်း သေဆုံးသွားလေသည်။ မသေမီ ဘီလူးမကြီးသည် နာကျင်လှသဖြင့် ပြင်းထန်စွာငိုကြွေးလေသည်။ ဤတွင် ဘီလူးမကြီး၏မျက်ရည်များ စီးဆင်းသွားရာတစ်လျှောက်တွင် ချောင်းလေးဖြစ်သွားတော့သည်။ သူ၏အော်သံသည်လည်း ဖားအော်သံဖြစ်သွားရတော့သည်။ ။

Ref: SHAN LEGENDS– by Pu Loi Hom and Pu Loi Tun.

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

### မွန်တိုင်းရင်းသားစကားထာ

ရှေးရှေးတုန်းက မွန်တို့ဌာနေ ရာမညတိုင်းဒေသရှိ ကျေးရွာတစ်ရွာတွင် ဗညားနှင့်လဂွန်းအိမ် အမည်ရှိသူငယ်ချင်းနှစ်ယောက်ရှိလေသည်။

သူတို့သည် ဆယ်ကျော်သက်အရွယ်လူငယ်များဖြစ်ပြီး ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားအဖြစ် ပညာသင်ယူလျက်ရှိသည်။ ဗညားနှင့်လဂွန်းအိမ်တို့သည် စည်းကမ်းသေဝပ်ပြီး စာကြိုးစားကြသူများဖြစ်သည်။

သူတို့၏အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်းတောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားကြလေ့ရှိသည်။

"လဂွန်းအိမ်ရေ ပဟေဠိအချိန်ရောက်ပြီ သူငယ်ချင်း"

"အချိန်ရောက်ရင် စလိုက်ကြရအောင်"

ဗညား၏စကားကို လဂွန်းအိမ်က ပြန်လည်ချေပပြောလိုက်သည်။

"စပြီဆိုရင်တော့ စပြီနော်။ 'ခွဲကသွေးထွက်၊ နမ်းကမွှေး၊ စားကချို' ဆိုတာဘာလဲ၊ ဖြေပေတော့ ဗညားရေ"

"သူငယ်ချင်းမေးတဲ့ ဉာဏ်စမ်းပဟေဠိကလည်း တစ်မျိုးပဲနော်။ မြန်မာစကားထာဉာဏ်စမ်းတော့ မဟုတ်လောက်ဘူး။ တိုင်းရင်းသားစကားထာထဲက ဖြစ်မှာတော့သေချာတယ်။ ခဏလေးပါ၊ စဉ်းစားလိုက်ဦးမယ်"

ဗညားက လဂွန်းအိမ်ကို ပြန်ပြောလိုက်ခြင်းဖြစ်ပြီး ဉာဏ်စမ်းမေးခွန်းကို တီးတိုးရွတ်ဆိုကြည့်နေသည်။

"အဖြေက မခက်ပါဘူးကွာ။ မင်းပြောသလိုပါပဲ မေးထားတဲ့စကားထာက တိုင်းရင်းသားရိုးရာစကားထာတစ်ခုပဲ သူငယ်ချင်းရေ။ မင်းကို အောက်လိုင်းပေးတာနော်"

ဗညားက ခေါင်းတဆတ်ဆတ်ညိတ်ရင်း အဖြေကို စဉ်းစားလို့ရသွားသည့်ဟန်ဖြင့် ရွှင်လန်းမြူးထူးစွာ ပြန်ပြောသည်။

"အဖြေကတော့ရပြီ။ ဘာတဲ့ မေးခွန်းက 'ခွဲကသွေးထွက်၊ နမ်းကမွှေး၊ စားကချို' ဆိုတော့ကာ အဖြေက 'ပိန္နဲသီး' ပေါ့။ မွန်တိုင်းရင်းသားရိုးရာစကားထာတွေထဲကပေါ့၊ ဟုတ်တယ်ဟုတ်"

"ဟုတ်ပ့ါဗျာ ဟုတ်ပ့ါ။"

လဂွန်းအိမ်ကပြောရင်း လက်မကလေးကိုလည်းထောင်ပြလိုက်သည်။

"ဒါဆိုရင် ငါမေးရမယ့် အလှည့်ရောက်ပြီပေ့ါ"

"မေးပါကွာ မေးမှာသာ မေးပါ"

"မေးပြီ လဂွန်းအိမ်ရေ၊ 'အဝေးက ကြည့်ရင် စေတီ၊ အနီးရောက်သော် တို့စရာ' ဆိုတာ ဘာကို ဆိုလိုတာလဲ။ ဖြေလို့ရပါပြီနော် သူငယ်ချင်း"

ဗညားမေးလိုက်သည့် ဉာဏ်စမ်းပဟေဠိမေးခွန်းကြောင့် လဂွန်းအိမ်တစ်ယောက် ခေါင်းကုတ်လိုက်ကာ မျက်မှောင်ကြုတ်သွားရသည်။ မန်ကျည်းပင်အောက်တွင် လှဲနေရာမှ ထပြီးလမ်းလျှောက်လိုက်၊ ကောင်းကင်ကို မော့ကြည့်လိုက်ဖြင့် အကြံအိုက်နေလေသည်။

"လဂွန်းအိမ်ရာ ဒီလောက်မခက်ပါဘူးကွာ။ မင်းကြည့်ရတာ ပင်ပန်းလိုက်တာ။ အဖြေမရရင် ပန်းပေးလိုက်လေ။ အဖြေကရှိပြီးသား၊ အလွယ်လေးနော်"

"အဖြေရပါပြီဗညားရာ၊ ခဏပဲဟာ မပင်ပန်းပါဘူး။ အဖြေရဲ့ခြေရာကိုလည်း ကောက်မိပါပြီ၊ ဖြေလိုက်တော့မယ်သူငယ်ချင်း။ အဖြေက 'ဝါးပိုးမျှစ်' ဆိုတဲ့ တို့စရာ၊ ချက်စားစရာဆိုရင် အဖြေမှန်ရောမဟုတ်လား"

"မှန်ပါတယ်၊ မှန်ပါတယ်လဂွန်းအိမ်ရာ၊ မင်းက တော်လိုက်တာကွာ။ ဆရာကျတယ်။ ဒီလောက်မြန်မြန်ကြီးကို ဖြေနိုင်မယ်လို့ ထင်မထားဘူး"

ဗညား၏စကားကြောင့် လဂွန်းအိမ်က သဘောတကျ ရယ်မောလိုက်ပြီး "အဲဒါ မွန်တိုင်းရင်းသားစကားထာဉာဏ်စမ်းတွေထဲကပေါ့"လို့ ထပ်ပြောလိုက်ရာ ဗညားမှာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

"ကဲကဲ၊ ငါတစ်ခုမေးရဦးမှာပေ့ါ"

"မေးပါ ဗညားရာ၊ ဖြေဖို့ အသင့်ပါပဲ"

"မေးပြီနော်၊ 'အိပ်ဖန်များ ခြေထောက်ညောင်း' ဆိုတာဘာပါလိမ့်၊ ဖြေပါဦးသူငယ်ချင်း"

ဗညား၏မေးခွန်းကို လဂွန်းအိမ်တစ်ယောက် တွေခနဲတစ်ချက်စဉ်းစားဟန်ပြုလိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်းပြောလာသည်။

"အဖြေကို မနည်းစဉ်းစားလိုက်ရတယ်။ ရမယ့်ရတော့လည်း လွယ်လွယ်လေးပါ။ ထင်မထားတဲ့ အဖြေမျိုးဆိုတာ ဒါမျိုးပေ့ါနော် သူငယ်ချင်း"

"လဂွန်းအိမ်ရာ မင်းဖြေနိုင်မယ်ဆိုတာသိပါတယ်။ သူငယ်ချင်းက စာဖတ်နာတယ်လေ။ ပြီးတော့ စာပေအရာမှာ နှံ့စပ်တယ်မဟုတ်လား"

ဗညားကတော့ မြှောက်နေပြန်ပါပြီ။ သူငယ်ချင်းရဲ့မေးခွန်းက 'အိပ်ဖန်များ ခြေထောက်ညောင်း' ဆိုတော့ကာ အဖြေက 'လင်းဆွဲ' ဆိုတဲ့ သတ္တဝါပေ့ါကွာ၊ ဟုတ်တယ်နော် သူငယ်ချင်း။ မွန်တိုင်းရင်းသားရိုးရာစကားထာတွေထဲကပါပဲ"

"ဟုတ်ပ့ါဗျာ၊ ဟုတ်ပ့ါ။ ဒါကြောင့် သူငယ်ချင်းက တော်ပါပေတယ်လို့ ပြောတာပေ့ါ"

ထိုစဉ် ဘုန်းကြီးကျောင်းမှ နာရီမောင်းသံနှစ်ချက်ထွက်ပေါ်လာရာ စာအံရန်အချက်ပေးနာရီမောင်းဖြစ်နေ၍ ဗညားနှင့် လဂွန်းအိမ်တို့ ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြလေတော့သည်။ ။

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (၁) | ၁၈၉/မမ/CE | **ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း** ညောင်လေးပင်ဘူတာ ပလက်ဖောင်း (Waiting Shed) တည်ဆောက်ခြင်း အလျား (၄၂၀-ပေ) လုပ်ငန်း (လုပ်ငန်းဆက်) |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၈ . ၁၂ . ၂၀၂၂ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၂၄ . ၁၁ . ၂၀၂၂ ) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်–

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291985, 291994

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သက်တမ်းလွန်ရေယာဉ်(၅)စင်းအား စာရင်းမှပယ်ဖျက်နိုင်ရေး အောက်ပါ Lot တွဲ (၃)တွဲခွဲ၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချသွားမည်ဖြစ်ပါသည် –

(က) **Lot(1)။** ရတနာသိင်္ခသောင်တူးရေယာဉ် အလျား(၆၅.၃၈)မီတာ၊ အနံ(၁၄)မီတာ၊ ရေစူး (၁.၆၂)မီတာ၊ (သံခွဲအမျိုးအစား)

( ခ ) **Lot (2)**

**(၁) ဟောမရေယာဉ်** အလျား (၇၅.၅)ပေ၊ အနံ(၂၀)ပေ၊ ရေစူး (၅)ပေ (သံခွဲအမျိုးအစား)

**(၂) မြေတူး-၆** အလျား(၂၂.၇)မီတာ၊ အနံ (၈.၂၆)မီတာ၊ ရေစူး(၀.၉)မီတာ (သံခွဲအမျိုးအစား)

( ဂ )**Lot (3)**

**(၁) မြေခံအမှတ်(၁၃)** အလျား(၃၇.၆)မီတာ၊ အနံ(၇.၅)မီတာ၊ ရေစူး၁.၁မီတာ၊သံခွဲအမျိုးအစား

**(၂) မြေခံအမှတ်(၁၉)**အလျား (၃၇.၆)မီတာ၊ အနံ(၇.၅)မီတာ၊ ရေစူး၁.၁မီတာ၊ သံခွဲအမျိုးအစား

၂။ စိတ်ပါဝင်စားသူများအနေဖြင့် ထုခွဲရောင်းချမည့် Lot တွဲအလိုက်ရေယာဉ်များအား မျက်မြင်အခြေအနေအတိုင်း ကြည့်ရှုလေ့လာ၍ အိတ်ဖွင့်စနစ်ဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပါသည် –

**(က) တင်ဒါပုံစံရောင်းချပေးမည့်နေ့ရက်/အချိန်** – ၂၄–၁၁–၂၀၂၂ရက်မှ ၆–၁၂–၂၀၂၂ရက်ထိ(ရုံးချိန်အတွင်း)

**( ခ ) ရောင်းချပေးမည့်နေရာ** – မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ဇဟိုပစ္စည်းထိန်းဌာန၊ ကွန်ကရစ်လမ်း Toll Gate အနီး ၊ဗိုလ်တထောင်

**( ဂ ) တင်ဒါတင်သွင်းရမည့် ရက်/အချိန်** – ၈–၁၂–၂၀၂၂ ရက်(၁၃:၀၀)နာရီ

(တင်ဒါလျှောက်လွှာများလက်ခံပြီးပါက ဖွင့်ဖောက်/စိစစ်/ကြေညာခြင်းအား တစ်ဆက်တည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။)

**(ဃ) တင်ဒါတင်သွင်းရမည့်နေရာ** – အမှတ်(၁၀)ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ရုံးချုပ်၊ကျောက်တံတားမြို့နယ်

၃။ သတ်မှတ်ချိန်ထက်နောက်ကျ၍ တင်ဒါပုံစံများဝယ်ယူခြင်း/တင်သွင်းခြင်းများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိလိုသောအချက်များအား ဖုန်းနံပါတ် ၀၁–၈၆၁၀၂၃၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် – ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၂၇၇)၊ ဧရိယာ (၀.၀၈၂)ဧကရှိ ဦးခင်မောင်ဌေး အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသာစိုး (ဘ) ဦးအောင်တင် [၉/မသန(နိုင်)၀၂၇၇၂၆] မှ မြေငှားစာချုပ် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၁၆၆/၂၀၂၀) နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်သန်းသန်းဌေး(ဘ) ဦးစောအောင် [၉/မသန(နိုင်)၀၂၇၇၈၈]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၃၁)ဟုခေါ်တွင်သော သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ မြူနီစီပါယ်ဈေးကွက်၊ ဦးပိုင်အမှတ် (၇၄/၁/ခ) ဧရိယာ (၀.၀၆၄) ဧက ဂရန်အမှုတွဲအမှတ် –RPNO–၁၈၉/V/၂၀၁၃–၂၀၁၄ (၃၁–၁၂–၂၀၁၄–၃၀–၁၂–၂၀၄၄)အရ ဦးမျိုးဆွေဦး [၁၂/သလန(နိုင်)၀၀၀၅၀၈] အမည်ပေါက် ဂရန်မြေကွက်အား အမည်ပေါက်ပိုင်ရှင် ဦးမျိုးဆွေဦးထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သော်သော်လင်း(LL.B)** | **ဒေါ်စိုးစိုးကြည်(LL.B,D.B.L)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၀၈၂၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၆၇)** |

**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း–၀၉–၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်–၁၃၃၊ (မြေညီအောက်ထပ်ထည့်သွင်းရေတွက်က (၃)ထပ်မြောက်လက်ဝဲဘက်တိုက်ခန်း)ဟုခေါ်တွင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမင်းစိုး [၆/ကသန(နိုင်)၀၀၅၅၃၅]က အရှုပ်အရှင်းတစ်စုံတစ်ရာကင်းရှင်းကြောင်းနှင့် တရားဝင်လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် (၂၁–၁၁–၂၀၂၂) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအရောင်း အဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဦးမင်းဆွေ (B.A, R.L)** | **ဒေါ်နှင်းဝေအောင် (LL.B,D.B.L)** | **ဒေါ်စိမ်းလဲ့စိုး (LL.B,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၂၀၂၁)** | **(စဉ်–၁၀၉၃၈)** | **(စဉ်–၅၁၉၄၉)** |

**အမှတ်–၈၃၊ အခန်း–၁၄ (အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း –၀၉–၅၁၉၆၃၇၈၊ ၀၉–၉၇၅၁၉၆၃၇၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဆဆ–၃)၊ ဦးပိုင်အမှတ်(၇၄)၊ ၅၇x၅၈ကြား၊ အောင်ဇေယျနှင့် အောင်ဆန်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်အေး [၉/မရမ(နိုင်)၀၃၆၆၉၈]၏ (SP ရသူ ဦးပိုထွေး)က အမည်ပေါက်သူ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စု ဇယားတို့မှ ငှားရမ်း၍မရကြောင်း တင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်–၄၄၁၁/၂၀၂၂–၂၀၂၃ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၂ ဖြင့် သီရိပျံချီဘွဲ့တံဆိပ်ကို ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော**ဝဏ္ဏကျော်ထင်ဦးမောင်ကို(ဝန်ကြီးချုပ်–မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (ဒုတိယဥက္ကဋ္ဌ–မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်)**အား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခံရသည့်အတွက် သက်ရှည်ကျန်းမာစွာဖြင့် မိသားစုနှင့်တကွ နိုင်ငံနှင့် ပြည်သူ့အကျိုး၊ သာသနာ့အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးလှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်**

## အများသိစေရန်ကြော်ငြာချက်

ဦးအောင်မြင့်စိန် (HGU–024519) အမည်ဖြင့် ချပေးထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၃)ရပ်ကွက်၊ ပင်းယ (၁)လမ်း၊ မြေကွက်အမှတ်(၄၁၈)၊ မြေအကျယ်အဝန်း (၂၀ပေ x ၆၀ပေ)အကျယ်ရှိ မြေကွက်အား ဦးအောင်မြင့်စိန်မှ ဒေါ်ထားထားဦးသို့လည်းကောင်း၊ ဒေါ်ထားထားဦးမှ ဒေါ်နီလာသို့လည်းကောင်း၊ ဒေါ်နီလာမှ ဒေါ်ခင်ခင်ပြုံးသို့ (၁၈–၁–၂၀၂၀)ခုနှစ်တွင် အရောင်းအဝယ်ပြုလုပ်ခဲ့ရာ ယခုလက်ဝယ်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ခင်ပြုံး [၁၂/ဥကမ(နိုင်)၀၀၆၀၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေအချို့ပေးချေပြီးဖြစ်၍ အဆိုပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်လင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၂၇၈၃၅)**
**ဖုန်း–၀၉– ၄၂၁၁၅၁၆၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈ အေ၊ မြေကွက်အမှတ်(၁၇)၊ ဧရိယာ(၀.၁၁)ဧက၊ မြေကွက်တည်နေရာအမှတ် (၁၇)၊ ထီးလှိုင်ရှင်အိမ်ရာ၊ ၈အေရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဒေါ်သက်သက်ဆွေ [၁/မကန(နိုင်)၀၂၁၂၀၁]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သက်သက်ဆွေကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်းတင်ပြ၍ အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ရှိ ၂၀၁၆ ခုနှစ်တွင် ဒေါ်သက်သက်ဆွေမှ ဘဏ်ချေး မြေပုံကူးယူခဲ့ခြင်းနှင့် ပတ်သက်၍ ယင်းမြေပုံသည် ၎င်း၏လက်ဝယ်တွင် အထားအသိုမှားကာ ပျောက်ဆုံးခဲ့ကြောင်း၊ မည်သည့်ဘဏ်တွင်မှ ငွေချေးယူခဲ့ခြင်းနှင့်မည်သူ့ထံမှ အပေါင်ပေးအပ်ထားခြင်းလည်းမရှိကြောင်း(၁၁–၁၀–၂၀၂၂)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

